
အချစ်တက္ကသိုလ်
PDF TEAM
နမ်းခွင့်ရပေမယ့်.....
ပန်းပွင့်ဘဝကိုညှာတာတယ်
BAD BOY2
achittatkatho.net
NSL

ဇာတ်လမ်း - နမ်းခွင့်ရပေမယ့်...ပန်းပွင့်ဘဝကိုညှာတာတယ်
ရေးသူ - badboy2
စာစီ - ကဝိ (အချစ်တက္ကသိုလ်)
ဒီဖိုင်း - netsoelay (အချစ်တက္ကသိုလ်)
PDF - Achittatkatho PDF Team

**လွန်ခဲ့သော...၄..နှစ်က....။**

**တောက်....**

"မင်း.... တော်တော် မိုက်ရိုင်းတဲ့ မိန်းမပဲ..... ငါတစ်သက်လုံး အထင်ကြီးခဲ့တာတွေ... လေးစားပေးခဲ့တာတွေ... ဘာမှ မပက်သက်တော့ပေမဲ့... တစ်ချိန်တုန်းက.... ၂နှစ်ခွဲတိတိ ချစ်ခဲ့ပြီး... ၆လတိတိ ပေါင်းခဲ့ဖူးတာတွေနဲ့... ငါ... မင်းကို..... မင်းမို့ ပြောထွက်ရက်တယ်ကွာ.... အေးလေ... မင်းက ဒီအချိန်မှာ ပြောအားရှိပြီပေါ့ကွာ.... ရပါတယ်... သန္တာ... ရပါတယ်... မင်းသိအောင် တစ်ခုတော့ ပြောလိုက်မယ်.... မှတ်ထား.... မှတ်သွားလိုက်... ငါလမ်းဘေးကကောင် မဟုတ်ဘူးကွ... ကြောင်ကြာကြာ ရေမငုတ်ပါဘူး.... နောင်တစ်ချိန် မင်းနဲ့ငါ... ပြန်ဆုံခဲ့ရင်.... ခုမင်းမျက်နှာအပေါ်က... အပြုံး... အေးခုလိုပဲ... ပြုံးနိုင်ပါစေ.... မင်းနဲ့ငါ... ပြန်ဆုံချင်ပါသေးတယ်... သန္တာ.... ပြန်ဆုံချင်ပါသေးတယ်....."

**လက်ရှိ...၂၀၁၂...။**

"ဟန်နီလား....."

"အင်း...ဟုတ်တယ်...."

"ကို... ခုပဲပြန်ရောက်တာလေ.... မဟုတ်ဘူး... ကို... မေးလ်လှမ်းပို့ ထားလိုက်သေးတယ်လေ... မရဘူးလား..... မနေ့ည ကမှ... ကို.. သေသေချာချာကို.. ပို့ပေးထားတာ... အင်း.... ကို.. ညနေလာကြိုမယ်လေ... အလုပ်ကို... ဟုတ်လား... စိတ်မကောက်ပါနဲ့... ချစ်ရယ်... ညနေကျရင်... ဟန်နီကြိုက်တဲ့... ကြေးအိုးသွားသောက်မယ်လေ... နော်.... အင်း... အင်း... အာဘွား.... နော်.... အရမ်းချစ်တယ်သိလား...."

--------------×-------------------×---------------×---------------------

"ဟွန့်.... ကိုကဘယ်တော့မှ ကြိုမပြောဘူး... အမြဲ အဲလိုပဲ.... ဘာလဲ.... ဘယ်သူတွေ လာကြိုခိုင်းလို့လဲ...."

ချစ်သူလေးက မျက်နှာလေး စူပုပွပွ လုပ်ရင်း မျက်စောင်းလေး ထိုးကာ ပြောလာသည်...။ ကျော်ခန့် အသာယာပင် ပြုံးလိုက်မိသည်...။

"မဟုတ်ပါဘူး... ဟန်နီရယ်... မာမီတို့လာကြိုတာပါ... ကိုတို့အလုပ်က သိတဲ့အတိုင်းပဲ... ဘယ်တော့မှ ကြိုပြောလို့မှ မရတာ... ခုတောင်... မန်နေဂျာကို... ငါရောက်နေတာ..၂ လခွဲရှိနေပြီနော်... မင်း...ခု... ငါအောက်သွေးတွေ အရမ်း တိုးနေပြီ... မင်းဘယ်လို တာဂန်ယူမှာလဲ ပြောလိုက်မှ ဒီကောင်... မလွှတ်ချင် လွှတ်ချင်နဲ့ လွှတ်လိုက်တာ... ဟန်နီရဲ့..."

"ကိုနော်.... သူ ဒါပဲတွေးနေ..."

ဟန်နီစံ.... အရမ်းချစ်စရာကောင်းသည့် ချစ်သူလေး မျက်နှာလေး ရဲကနဲ ဖြစ်သွားရင်း သူ့လက်မောင်းကို လက်သည်း ချွန်လေးများဖြင့် အသာဆွဲဆိတ်သည်...။ သူ ချစ်သူလေးကို စချင်လာသဖြင့်...

"ဟာ... ဒါဆို... ဟန်နီက... မတွေးဘူးပေါ့... g talk မှာ... skype မှာကျတော့ ကို့ကိုရော... ကို့ညီလေးကိုရော... လွမ်း လှပြီဆိုတာ.... ဘယ်သူလဲ... ကဲပြော...."

နဂိုကမှ ပန်းဆီရောင် သမ်းနေသော မျက်နှာလေးမှာ ပိုပြီး စတော်ဘယ်ရီရောင်ဆန်ဆန် ရင့်သွားရင်း....

"ဟာ.... ကို..ကလည်းကွာ... ဆိုင်ကြီးမှာ.... သူများတွေ ကြားသွားဦးမယ်...."

ဟု အရက်သည်းစွာ ဆိုလာသဖြင့် သူ့မှာ ရင်ထဲမှာ လျှပ်စစ်ဓါတ်တစ်ခု ဖြတ်စီးသွားလိုက်သလို ခံစားလိုက်ရသည်...။ သူ ဒီကောင်မလေးကို တစ်ကယ်ချစ်ပါသည်...။ ဟုတ်ပါသည်...။ အတိုင်းအဆမရှိကို ချစ်မိပါသည်...။ ဘယ်တော့မှ နောက်ထပ် ဖြစ်မလာနိုင်တော့ဟု ထင်ခဲ့သော အချစ်တစ်ခု၊ ဒီကောင်မလေးနဲ့ စတွေ့စဉ် အချိန်ကတည်းက ယခင်က အထင်အမြင်များ မှားယွင်းသွားခဲ့ကြောင်း သူရင်ခုန်စွာ လက်ခံခဲ့မိသည်...။ ဘဝတွင် တစ်ချိန်က အမဲစက် ရှိခဲ့ဖူးသော သူလိုလူကို မည်သည့် အပြစ်တင်ခြင်းများ၊ အနိုင်ယူ ဗိုလ်ကျခြင်းများ ကင်းစင်စွာဖြင့် ကလေးငယ် တစ်ယောက်လို အမြဲဖြူစင်စွာဖြင့် ဘဝတစ်ခုလုံး လက်မထပ်ရသေးပဲ ရဲရဲရင့်ရင့် ပုံအပ်ပေးခဲ့သော ချစ်သူလေးမို့လည်း သူအတိုင်းဆမရှိ မြတ်နိုးမိပါသည်...။ ဒီလောက် ချစ်စရာကောင်းသော ချစ်သူလေးနှင့် ဆုံဆည်းပေးခဲ့သော ကံတရားကိုလည်း သူ ကျေးဇူးတင်နေမိသည်...။ ဟုတ်သည်လေ ကံဆိုတာ ထူးဆန်းတဲ့အရာမဟုတ်လား...။ သူကတော့ သူ့လောက် ကံကောင်းသူမရှိဟုသာ ယူဆနေခဲ့သည်...။ ဒါပေမဲ့ ကံဆိုတာ ဘယ်သူမြင်နိုင်မှာမို့လို့လည်း...။

"အား.... ကို... တော်တော့ကွာနော်... ဟန်နီမခံနိုင်တော့ဘူး... ချစ်ပေးတော့ကွာနော်....."

ဒီနေ့ ချစ်သူလေးကို ခွင့်ယူခိုင်းလိုက်သည်...။ ဟုတ်သည်လေ သူ့မှာ အချိန်က သိပ်မရ အလုပ်က ၃ ပတ် ခွင့်ပေးလိုက်သည် ဆိုပေမဲ့ သူတို့လို service engineer တွေအဖို့က အရေးကြီးလာလျှင် ကြီးလာသလို ငြင်းဆန်ခွင့်မရှိ...။ ငြင်းလည်း မငြင်းရက်...။ အလုပ်ကလည်း တော်ရုံဖြင့်မခေါ်ပါ...။ ဘာပဲဖြစ်ဖြစ် ရသမျှ အချိန်လေးကို ချစ်သူလေးကိုသာ သူ ပေးဆပ်ချင်သည်လေ...။

"ကို... တော်ပြီလို့... အရမ်းယားလာပြီ.... မခံနိုင်တော့ဘူးကိုရဲ့....."

ချစ်သူလေးက အေးစက်သော ဟိုတယ်အဲကွန်းခန်းထဲမှာ သူ့ကို ချွေးလေးများပြန်ကာ ပြောလာသဖြင့် သူလည်း ချစ်သူလေး ပေါင်ကြားထဲ ရေငုပ်နေရာမှ ထပြီး....

"အင်း... ဒါဆိုဟန်နီ ပေါင်လေး ကားလိုက်နော်...."

သူ ချစ်သူလေး၏ မလိုင်နှစ်ရောင် ပေါင်လေး ၂ ခုကြားထဲ ဂင်ပြီး နေရာယူရင်း ညီလေး၏ ထိပ်ဖူးနှင့် အသာ ပန်းပွင့်လေး၏ ပွင့်လွှာဖတ်လေး ၂ခုကြား အသာအယာ ပွတ်ဆွဲလိုက်သည်...။ မဟုတ်လျှင် ဂတ်ရည်လေးများ မထွက်ပဲ ချစ်သူလေး ပွန်းရှသွားမှာကို စိုးရိမ်မိသည်လေ...။

"အင်း... အင်း... အ..အ... ကို... ထည့်တော့လေ... ကွာ...."

"အင်းပါ... မီးနာသွားမှာ စိုးလို့ပါ.."

"ရတယ်... ကို.. ထည့်တော့..."

မီးစိမ်းပြပြီ ဆိုမှတော့ သူအသာပင် တံချူကို ပန်းပွင့်လေး၏ ဂတ်ရည်လိုင်ခေါင်းလေးထဲ နှစ်သွင်းလိုက်သည်...။

"အား... ကောင်းတယ်ကွာ.... ကိုရာ.... ကို့ညီလေးက ပိုများ ကြီးလာသလား မသိဘူး.... ပြည့်ကျပ်နေတာပဲ...."

"အား... အဲ့လိုမွှေရင် ပိုထိတယ်ကွာ.... ကိုက..အရမ်းချစ်တတ်တာပဲ..ကွာ..."

သူအသာလေး ရှေ့တိုးနောက်ဆုတ်လုပ်ရင်း ၁၀ချက် ၁၅ချက်လောက် လုပ်ရင်း တစ်ဂက်လောက် အရောက် ဆတ်ကနဲ ဖိသွင်းလိုက်သည်...။

"အ... ရှီး... ကိုရာ... ရင်ခေါင်းထဲ ရောက်သွားသလားပဲကွာ...."

"ရှီး... ရှီး... ကောင်းတယ်... ကိုရယ်... ဆောင့်ပေးပါ... ဆောင့်.... ဆောင့်... အ... အ..."

ဟု မြည်တမ်းရင်း ချစ်သူလေး ပြီးသွားပြီဟု သူသိလိုက်သည်...။ ခေတ္တအရှိန်ကို အသာချပေးကာ အသာပင် သူဂတ်ရည်များ စိုရွှဲနေသော လိုင်ခေါင်းလေးအတွင်း ညီတော်မောင်ကို စိမ်ထားရင်း သူ့စို့လွန်းသဖြင့် ပန်းသွေးရောင်မှ ပတ္တမြား ညိုရောင် ပေါက်ကာစ ပြူနေပြီဖြစ်သော နို့သီးထိပ်ခေါင်းလေးကို အသာ လျှာလေးဖြင့် မွှေနောက် ကစားနေလိုက်သည်...။

"ကောင်းလိုက်တာ... ကိုရာ... ကိုမပြီးသေးဘူးမှတ်လား... ပြီးအောင်ချစ်လိုက်နော်... ဘယ်လိုနေပေးရမလဲ..."

သူချစ်မိသော အကြောင်းများထဲတွင်လည်း ဒီတစ်ချက်လည်း အပါအဝင်ဖြစ်သည်...။ လူရှေ့တွင်သာ မြန်မာမိန်းကလေး ပီပီ အရှက်သည်းတတ်သော်လည်း ခုလို နှစ်ယောက်ထဲ ရှိချိန်တွင်တော့ ပွင့်လင်းစွာ ဆက်ဆံတတ်သည်...။ သူ့အနေနှင့်လည်း ဒါကို သဘောကျသည်...။ လွယ်လွယ်နှင့်တော့မရ သူတော်တော်ကို စည်းရုံးယူခဲ့ရသည်...။

"အင်း... ဟန်နီဘေးကို... စောင်းလိုက်ပါလား..."

"ဒီလိုလား...."

တစ်ဘက်သို့ ခါးလေးကို လိမ်ကာ စောင်းလိုက်ရင်း သူ့ကို လှည့်မေးလာသည့် ချစ်သူလေးကို သူမြတ်နိုးစွာ ပါးလေးကို အသာနမ်းရင်း ပေါင်လေးတစ်ဘက်ကို အသာနောက်မှ ဟလိုက်ကာ သူ့ညီလေးကို အသာလေး နှစ်သွင်းလိုက်သည်...။

"အား.... စီးနေတာပဲကွာ... ဟန်နီ့ဟာလေးက..."

သူအသာပင် ကပ်ပြီး ညှောင့်ပေးနေရာမှ တစ်ဆုံးဆွဲထုတ်ပြီး တစ်ဆုံးပြန်ထည့်သော နည်းဖြင့် ဆောင့်တော့သည်...။

*ဖေါင်း... ဖတ်... ဖေါင်း... ဖတ်... စွိ... စွိ.... ပြွတ်.... ပြိ...*

ချစ်သူလေးလည်း ခါးလေးလိမ်ကာ တစ်စောင်းလေးနေရာမှ တင်လေးကို အနောက်သို့ ပိုပြီး ပစ်လာရင်း...

"အ... အ... ရှီး... ရှီး... ကောင်းတယ်ကို... ကောင်းလာပြီ... ဆောင့်ပေးပါ... ဆောင့်... ပေး..."

သူလည်း အရှိန်ကို 3000 rpm နှုန်းလောက် မြှင့်တင်လိုက်ရင်း...

"ကောင်းတယ်ကွာ... ချစ်ရာ.... ဟန်နီအဖုတ်လေးက... အရမ်း ညှစ်ထားတယ်ကွာ..."

"အ... ထိတယ်ကို... ထိတယ်ကွာ..."

သူအဆက်မပြတ် ဆောင့်နေရင်း တစောင်းအနေထားမှ နုတ်ခမ်းဖူးဖူးလေးကို ဆွဲစုပ်လိုက်ရင်း အနီးကပ် တိုက်စစ်အနေဖြင့် ကပ်ဆောင့်ရာ အထဲမှ တထုတ်ထုတ်ဖြင့် ထိပ်ကိုလာထိရာမှ...

"အား.... အား... ထွက်ကုန်ပြီကိုရေ.... ထွက်ကုန်ပြီ..."

ဟု တွန့်လိမ်စွာ ပြီးသွားသော ချစ်သူလေးကိုကြည့်ရင်း ပခုံးလေးနှစ်ဖက်ကို ကိုင်ကာဆောင့်ရင်း ၂လခွဲစာ အောင်းထားသော သုတ်ရည်နွေးနွေးများကို ပန်းထုတ်လိုက်မိတော့သည်...။

*"ဟန်နေ... နေ့တိုင်း တွေ့ချင်တာ မင်းရဲ့မျက်နှာလေး... နေ့တိုင်း... ကြားချင်တာ မင်းရဲ့အသံလေး.... ပေး..."*

အဆက်မပြတ် မြည်နေသော ဖုန်းသံကြောင့် သူမျက်စိမှိတ်ထားရင်း လက်က ဖုန်းရှိနိုင်မည့် အသံကြားရာ နေရာကို လိုက်စမ်း နေမိသည်...။

"ဟဲလို...."

"ဟုတ်ကဲ့... ပြောပါ... ကျော်ခန့် ပြောနေပါတယ်..."

မနေ့က ချစ်ရသူလေးနှင့် အသားကုန် ကဲထားသည့် အရှိန်ကြောင့် သူတိုက်ခန်းကို ညတော်တော် မိုးချုပ်မှ ပြန်ရောက်သည်...။ရောက်တာနှင့် အဂတ်အစားတောင် ဖြစ်သလိုလဲပြီး အိပ်ရာထဲ တန်းဂင်ကာ ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားသည်...။

"ဟေ့ရောင်... ကိုခန့်... ငါ.. ကျော်မြင့်ကွ...."

"မင်း..ရောက်နေတယ်လို့... အန်တီတို့ ပြောလို့... ငါဖုန်းလှမ်းဆက်လိုက်တာ.... မင်းတော်တော် နေနိုင်တဲ့ကောင်ပဲ.... ငါ့ဆီတောင် ဖုန်းဆက်ဖေါ်မရဘူး...."

စသည်ဖြင့် မြည်တွန် တောက်တီးနေတော့ရာ၊ သူ့မှာ မဖွင့်ချင်သော မျက်လုံးကို အတင်းအားယူကာ ဖွင့်ပြီး ကုတင်ပေါ်မှ ထထိုင်လိုက်ရသည်...။

"ဟော့ကောင်... အေပေး... စောစာစီးစီး... သူများအိပ်ချိန်ကို ကျက်သရေ ယုတ်လိုက်တာကွာ.... ငှက်ဆိုးထိုးသံနဲ့...."

သူနှင့် ကျော်မြင့်တို့က သူတို့ ဆယ်တန်းထဲကတူတူ၊ နောက် သူ့မာမီတို့ရှိရာ US သို့ လိုက်သွားပြီး M.I.T တွင် ကျောင်းသွားတက်သည့် အချိန်ကျတော့လည်း သကောင့်သားက သူ့မွေးစားအမေ သူ့အဒေါ်အရင်းရှိရာ USသို့ မကြာခဏ လာလည်ရင်း သံယောဇဉ် မပြတ်ခဲ့သော ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်...။ ဒီကောင့်အကျင့်က တစ်မျိုး သူလည်း ဆယ်တန်းတုန်းက အမှတ်ကောင်းပြီး USတွင် သူနှင့်အတူ ကျောင်းတက်နိုင်သော်လည်း သူက မြန်မာပြည်ကို မခွဲနိုင်ဟုဆိုကာ ကျောင်းလာမတက်ခဲ့...။ ခုလက်ရှိ သူကစလုံးမှ engineering company တစ်ခုတွင် senior service engineer အဖြစ် လုပ်နေချိန်တွင် ကျော်မြင့်က ရန်ကုန်တွင် architect ဖြင့်ပြီးကာ ကိုယ်ပိုင် ဆောက်လုပ်ရေး ကုမ္ပဏီခပ်သေးသေးတစ်ခု ထောင်ထားပြီး သူကိုယ်တိုင်ဂင်ကျဲနေပြီ...။

"ဟော့ကောင်... မောင်ခန့်... မင်းထပြီလား... ခု..."

ဟာ သေတော့မှာပဲ သူသိလိုက်ပြီ ဒီကောင် သူ့တိုက်ခန်းနား ရောက်နေလောက်ပြီဟု သူမနိုးမခြင်း နောင့်ယှက်နေမှာ သေချာသည်...။

"အေး... ဟော့ကောင်ရေ... ငါ..ထနေပြီကွ... မင်းလာကြည့်ပါလား... ဘောင်းဘီတောင် ပေါက်ထွက်တော့မယ်... သိလား...."

ဟု သူလည်း ခပ်ရွဲ့ရွဲ့ပြောလိုက်ရာ ထင်သည့်အတိုင်း...

"!@$##!@##$$..."

ဖုန်းထဲမှ သူ့ကို ဆဲနေတော့သည်...။ သူလည်း မနေနိုင်စွာဖြင့် တခစ်ခစ် ရီလိုက်ရင်း...

(ကိုဟိတ်... ခဏ ယူသုံးလိုက်တယ် နော်...ဟိ)

"အေးပါ... ယောက်ဖရယ်... ငါက မင်းကိုချစ်လို့ စတာပါ.... မင်းကလည်း စောစောစီးစီးကွာ.... မင်္ဂလာမရှိ..... ခုမင်း ဘယ်မှာလဲ... တိုက်အောက်ရောက်ပြီလား... ငါတံခါးဖွင့်ထားတယ်... တက်လာခဲ့.... ကော်ဖီဖျော်ပေးထားမယ်... ok..."

ဟု ချော့လိုက်တော့မှ သကောင့်သားက မကျေမနပ်လေသံဖြင့်...

"တော်ပြီ... ငါအောက်ကစောင့်နေမယ်... ပြီးရင်စိတ်တိုင်းကျ သွားရအောင်... မင်းမြန်မြန်ဆင်းလာခဲ့...."

ဟု ပြန်ပြောဖော်ရတော့သည်...။ သူလည်း ကမန်းကတန်း မျက်နှာသစ်၊ သွားတိုက်ပြီး ကျော်မြင့် အတွက် ဂယ်လာသည့် arrow shirt ထည့်ထားသည့် အိတ်ကိုယူ levis 501 နက်ပြာရောင် တစ်ထည်နှင့် diesel တီရှပ်တစ်ထည် ပြီးစလွယ် ကောက်စွပ်ကာ ဆံပင်တစ်ချက် နှစ်ချက်ခန့် သပ်ပြီး ပြေးဆင်းလိုက်သည်...။ မဟုတ်က ကျေးဇူးရှင် ယောကျာ်းတန်မဲ့ စကားနာ ထိုးနေမည်ကို စိုးရိမ်ရလေသည်...။ အောက်ရောက်သည်နှင့် မျက်နှာကို ရှစ်ခေါက်ချိုးကာ အဖြူရောင်mark-2 ဘေးတွင် ရပ်ကာ သူ့စောင့်နေသော ချစ်သူငယ်ချင်းအား သူ့အတွက် ဂယ်လာသော လက်ဆောင်အိတ် မြှောက်ပြလိုက် တော့မှ ငနဲသားမျက်နှာက ခေါက်ချိုးပြေလေတော့သည်...။

"ဟင်း... ဟင်း.... ဒီလိုကျတော့လည်း... တပည့်ကြီးက တော်သားပဲ... ဆရာ့အတွက်တော့ မမေ့ရှာဘူးပဲ..."

ဟု ကျေနပ်သော မျက်နှာဖြင့်ပြောဖော်ရတော့သည်...။ သူလည်း...

"လစ်ရအောင်လေကွာ... ငါဗိုက်ဆာနေပြီကွ... ကြက်သားပလာတာ စားချင်တာနဲ့... အတော်ပဲ...."

ဟု ပြောလိုက်ရာ....

"ချီး... ဗိုက်ဆာပါလား... ဟင်... မင်းစောစောကကျတော့.... သေနေတာလေ... ထတောင်မထဘူး မှတ်လား... ခုမှဘာဆာတာလဲ...."

ဘာလဲနှင့် စက်သနတ်ပစ်သလို ပြောလေတော့သည်...။ သူလည်း ပြန်ဖက်ပြောမနေတော့ပဲ S-3 လေးထုတ် နားတွင် နားကျပ် ထုတ်တပ်ကာ သီချင်းဖွင့် နားထောင်နေလိုက်တော့သည်...။

"ကဲ... ရောက်ပြီ ဆရာကောင်.... ဆင်းတော့...."
ကျော်မြင့် သူ့လက်မောင်းကို ကိုင်ပြီး ပြောတော့မှ သူမျက်လုံး ပိတ်ထားရာမှ ဖွင့်ကြည့်မိလိုက်သည်...။ သီချင်းနားထောင်ရင်း သူမေးကနဲ ဖြစ်သွားမိသည်ကိုး...။ ဆိုင်ရှေ့မှာတော့ ထုံးစံအတိုင်း မပြောင်းလဲပဲ ကားများစွာ ရပ်ထားတာတွေ့ရသည်...။ တစ်ခါတစ်ခါ သူစဉ်းစားကြည့်မိသည် မြန်မာပြည်ကလူတွေကို ဆင်းရဲကြသည်သာ ပြောတာ ခုလိုဆိုင်တွေရယ်၊ ဘီယာဆိုင်တွေရယ်မှာတော့ လူစည်ကားမြဲ စည်ကားလျှက်ပဲပဲဟု...။
"ဟေ့ကောင်.... ဆင်းလေကွာ...."
ကျော်မြင့် စိတ်မရှည်စွာ ထပ်ပြောတော့မှ...
"အေးပါကွာ... ယောက်ဖကလည်း စိတ်ကြီးပဲ...."
ဟု ပြန်ပြောရင်း သူလည်း ကားပေါ်မှဆင်းကာ ဆိုင်ထဲဝင်လာလိုက်သည်...။
"ငါကတော့ ကြက်သားပလာတာ.... မင်းရော...."
ဟု သူ ကျော်မြင့်ကို မေးလိုက်မှ...
"ငါတော့ လက်ဖက်ရည်ပဲ သောက်တော့မယ်...."
ဟု ပြောရင်း တဆက်တည်း...
"ညီလေး... RUBY တစ်ဘူးပါပေးကွာ..."
ဟု လှမ်းမှာနေသည်...။ သူလည်း ရေနွေးငှဲ့ရင်းနှင့်မှ...
"ယောက်ဖ... မင်း... အောင်ဝင်းစိုးတို့၊ ကျော်လင်းတို့နဲ့ရော တွေ့ဖြစ်သေးလား...."
ဟု သူသတိတရ မေးလိုက်သည်...။
"အင်း.... တွေ့ဖြစ်ပါတယ်... ဒီတလော မတွေ့တာတော့ နည်းနည်းကြာနေပြီ...."
ဟု သူ ငှဲ့ပေးထားသော ရေနွေးကို မှုတ်သောက်ရင်းနဲ့ ပြန်ဖြေသည်...။ ဒီလိုပဲ ဒီကောင့် အကျင့်ကတော့ မေးတစ်ခွန်း၊ ဖြေတစ်ခွန်းဆိုတာ...။ သူစိတ်မရှည်စွာဖြင့်....
"ဟေ့ရောင်... ဆက်ပြောလေကွာ.... သူတို့ ဘာတွေလုပ်နေကြလဲ..."
ဟု မေးမှ သောက်လက်စ ရေနွေးခွက်ကို ချပြီး....
"အင်း... အောင်ဝင်းစိုးက ခု မြူးဇစ်ပရိုဂျူဆာ လုပ်နေတယ်... ဟိုကောင် ကျော်လင်းကတော့ ခု သူ့ကားတွေကို ကိုယ်ပိုင် စတူဒီယိုတစ်ခု ဖွင့်ထားပြီး ရောင်းနေတယ်... ၂ယောက်လုံး အဆင်ပြေတယ်... ငါပြောထားပြီးပြီ... မင်းကိုလည်း သူတို့၂ယောက်လုံး တွေ့ချင်နေကြတယ်.... ကဲ.... ဘာများ သိချင်သေးလဲ...."
ဟု စိတ်မရှည်သော လေသံနှင့် ပြန်ဖြေဖော် ရလေသည်...။ ထိုအချိန် မှာထားသည်များ ရောက်လာသည်နှင့် စကားစပြတ်သွားတော့သည်...။ သူလည်း စားသောက်ပြီး ruby တစ်လိပ်မီးညှိလိုက်သည်...။ ကျော်မြင့်ကတော့ ထုံးစံအတိုင်း လက်ဖက်ရည်ကို ဖိမ်ဆွဲသောက်နေရာမှ...
"ကိုခန့်... ငါမင်းကို ပြောစရာ တစ်ခုရှိတယ်... ပြောသင့်လား မပြောသင့်လား စဉ်းစားနေတာ..."
ဟု ပြောလာသည်...။ သူလည်း စီးကရက်ကို တစ်ချက် ရှိုက်လိုက်ရင်းမှ...
"အေး... အေး... မင်းစဉ်းစားပြီးရင် ပြောလေကွာ.... နော်..."
ဟု ရွဲ့လိုက်ရာ သူ့ကို မျက်လုံးပြူးကြည့်ရင်းမှ...
"ဟေ့ကောင် ငါအကောင်းပြောနေတာ... မင်းကိစ္စကွ... မင်းနဲ့ဆိုင်တဲ့ ကိစ္စ.... ငါ့လာရွဲ့မနေနဲ့...."
ဟု ပြောလာသဖြင့်...
"ဘာ... ဘယ်လို... ငါနဲ့ ဆိုင်တယ် ဟုတ်လား.... ပေါက်ကရ ငါမနေ့ တနေ့ကမှ ပြန်ရောက်တာ ဘာကိစ္စလဲ...."

ဟု ပြန်မေးလိုက်မှ...
"အင်း... ဟုတ်ပါတယ်လေ... မင်းနဲ့မဆိုင်ဘူး ပြောလည်းရပါတယ်...."
ဟု ပြောလာရာ သူလည်း စိတ်မရှည်စွာဖြင့်...
"ယောက်ဖ မင်းဘာတွေပြောနေတာလဲ... ငါနားလည်အောင် မင်းမပြောတတ်ဘူးလား...."
ဟု ပြောလိုက်မှ ကျော်မြင့်လည်း သက်ပြင်းတစ်ချက် ချလိုက်ရင်းမှ...
"ကိုခန့်... မင်း သန္တာ့ကို သတိရသေးလား.... သန္တာလေ... ပန်းပွင့်သန္တာပေါ့ကွာ..."
သူ ရင်ထဲ ဖျင်းကနဲ၊ ဒါမှမဟုတ် တစ်ကိုယ်လုံးမှာ ရှိသော သွေးများ ပွက်ပွက်ဆူလာသလို၊ အင်မတန် အေးခဲသော ရေခဲငွေ့ပါသော လေကို ရုတ်တရက် ရှူလိုက်ရသလို ခံစားလိုက်ရသည်...။

**လွန်ခဲ့သော (၇) နှစ်ခန့်က....**

အိပ်မက်တွေကို...
အရေခွံလဲလို့ရရင်ကောင်းမယ်...။
ဒါမှ...
နှစ်ပေါင်းများစွာ
သူတို့အသက်ရှင်နိုင်ကြမှာပေါ့...။
တစ်ချို့အချိန်မှာ
နိုးကြားနေရတာကောင်းပေမဲ့....
တစ်ချို့အခြေနေမှာ
အိပ်မက်...မက်နေရတာ
ပိုကောင်းပါတယ်....။
ငါဟာ....
ကြယ်တွေကိုထမ်းပြီး
လာလမ်းကို...
ပြန်မလှည့်ချင်သူပါ...။
(နေနော်... နှင်းစက်ကကြိုး)

*ဖတ်..ဖတ်..ပြွတ်.စွတ်...ပြွီ..*
"အင်း... အင်း... အား.... အား... အ... အ... ကောင်းတယ်ကွာ.... နေရောင်... ယူက အရမ်းတော်တယ်ကွာ.... ဆောင့်.... ဆောင့်... အင်း... နာနာလေး.... ဆောင့်... ဟုတ်တယ်.... အဲလိုမျိုး... အ...အ...."
"အဆင်ပြေလား... ယမင်း.... ကိုယ်လုပ်ပေးတာ...."
သူ အီမိုကေဆန်ဆန်... ဆံပင်တစ်ခြမ်းစောင်းနှင့် စုလိုင်နှင်း ဆံပင်ပုံစံဟု ခေတ်စားနေသော အောက်နားတွင် အတို၊ ရှည်မညီ ညှပ်ထားသည့် ဆံပင်ပုံစံနှင့် ယမင်းရွှေဇင် ဟုခေါ်သော အလန်းလေးကို စည်းချက်ညီညီ ဆောင့်ပေးနေရင်းမှ ဆံပင်လေးကို သပ်တင်ပေးရင်း မေးလိုက်သည်...။

"အ.... အ.... အရမ်းကောင်းတယ်ကွာ.... ပြင်းပြင်းလေး လိုးပေးကွာ... နော်.... နေရောင်...."
တောင်းဆိုသည့်သူက တောင်းဆိုလာမှတော့ သူလည်း စည်းချက်ကို မြှင့်တင်လိုက်သည်...။ ခါးကျင်ကျင်လေး နစ်ဖက်ကို သေချာဆွဲကိုင်လိုက်ရင်း...
"ယမင်း... နာရင်ပြောနော်ကိုယ့်ကို..."
ဟု အားပေးလိုက်ရင်း ဒစ်ဖျားနား ရောက်သည်ထိ ဆွဲထုတ် ဥမြုပ်သွားလောက်အောင်ထိ ဆောင့်သွင်းသည့် နည်းဖြင့် ခပ်ကြမ်းကြမ်း စိတ်ကို လွှတ်ပေးလိုက်သည်...။
*ဖေါင်း.. ဖေါင်း.. ဖေါင်း.. ပြွက်.. ပြွတ်...*
"အင့် ...အင့်..."
*ဖန်းဖန်း...*
"အ.. အား... အ... ဆောင့်ပါ.... ဆောင့်ပေးပါ... နေရယ်... တို့ စပ်ပတ် ကွဲချင်ကွဲပါစေ... ဆောင့်... ဆောင့်... အု... အု... အု... ထိတယ်... ဟင့်.... ထိတယ်ကွာ..."
ယမင်းတစ်ယောက် အသံတောင် ထွက်မလာနိုင်တော့ပဲ ခေါင်းအုန်းနှင့် မျက်နှာအပ်ကာ ဘာတွေမှန်းမသိ ဗလုံးပထွေး ရေရွတ်နေတော့သည်...။ ဘယ်နစ်ချီလောက် ပြီးသွားမှန်းလည်း မသိတော့ အဖုတ်မှ အရည်များလည်း ထွက်ရလွန်းလို့ ပေါင်ခြံမှ စီးကျကာ မွေ့ရာတစ်ခုလုံးလည်း ရွဲနစ်နေပြီ...။ အော်ရလွန်းလို့လည်း လည်ချောင်းထဲမှ အသံတောင် ပျောက်သလောက် ဖြစ်နေပြီ...။ သူလည်း လီးတစ်ချောင်းလုံး အတွင်းမှ တစစ်စစ်နှင့် ခလောက်ခံရသော ဘီယာဘူး ကဲ့သို့ ဆူတက်လာနေသည်ကို ဆောင့်နေရင်း သတိထားမိသည်...။
*ဖန်း... ဖန်း... ဖေါက်... ဖေါက်.. စွိ.. စွိ...*
သူဆောင့်နေတုန်းမှာပင်...
"ဟား... အွန်း... အ... အ... ပြီး..... ပြီ... အား.... တို့... ထွက်ကုန်... ပြီ... အ... အ.."
ဟု လည်ပင်းညှစ်ခံရသလို အသံဖြင့်အော်ရင်း ပေါင်သားလေးများ တဆတ်ဆတ်တုန်ကာ တွန့်လိန်ရင်း ပြီးသွားလေသည်...။ သူလည်း အရှိန်ကို အနည်းငယ် ထပ်မြှင့်လိုက်ရင်း....
*ဖေါင်း... ဖေါင်း... ပြွတ်... ပြွတ်.. စီး... စွီး... စွိ...*
လေးဘက်ထောက် အနေအထားမှ မှောက်လျက်ဖြစ်သွားသော ယမင်း၏ ကျောလေးပေါ် မှောက်ချလိုက်ရင်း သုတ်များ ကို တထုတ်ထုတ် ပန်းထုတ် လိုက်လေတော့သည်...။ ချွေးစေးများဖြင့် မောနေသော ယမင်းလည်း မှောက်လျက်မှ ပက်လက်အနေထားသို့ ပြောင်းလိုက်ရင်း...
"အရမ်းကောင်းတာပဲ နေရယ်... ကောင်မလေးတွေ ဒါကြောင့် ယူ့ကို ခိုက်နေတာဖြစ်မယ်...."
ဟု ပက်လက်လှန်ရင်းမှ ပြောလာသည်...။
"ဟက်... ဟက်... ပေါက်ကရတွေကွာ... ယမင်းကလည်း...."
ဟု ပြန်ပြောရင်း သူနသယ်စပ်မှ စီးကျနေသော ချွေးစေးလေးများကို သူယုယစွာ သုတ်ပေးရင်း ပြောလိုက်သည်...။
"ဟုတ်တယ် နေရောင်ရဲ့ ယူက အ ိုး သန်သလို ခုလို ကြင်နာတတ်တာတွေကြောင့် ဖြစ်မှာပေ့ါ...."
ဟု ပြန်ပြောလာသည်...။ သူလည်း ဘာမှ ပြန်မပြောနေတော့ပဲ ယမင်း နဖူးလေးများနှင့် နားရွက်ဖျားလေးများကိုသာ နမ်းနေလိုက်သည်...။ သူ အမြဲ အကြင်နာဖြင့်သာ ဆက်ဆံတတ်ပါသည်...။ မိန်းကလေးဆိုတာ အားနွဲ့တဲ့ အမျိုး မဟုတ်လား...။
"အော်.... မေ့နေလိုက်တာ နေရောင်... နောက်တစ်ပတ်ထဲမှာ တို့မွေးနေ့ ရှိတယ်နော် သိလား... ယူလာရမယ်နော် ယူ့ကို အလန်းလေးတွေနဲ့ မိတ်ဆက်ပေးမယ်လေ.... ဘယ်လိုလဲ..."

ဟု မချိုမချဉ် မျက်နှာထားဖြင့် မေးလာသည်...။ သူလည်း ဒါမျိုးရှုတ်ရှုတ်ရှက်ရှက်ပွဲတွေ ဂါသနာမပါသော်လည်း ယမင်း၏ ဒုတိယဂါကျကို အနည်းငယ် စိတ်ဝင်စားသွားသည်...။ ဒီကြားထဲ လောလောဆယ်လည်း ဘာမှ အလုပ်မရှိ သေးသဖြင့် သဘောတူလိုက်သည်...။

"အချိန်က...."

"ည ၇ နာရီ တိတိ နေရောင်...."

-------------×------------------×---------------×---------------------

"ဟေ့ကောင်... ကျော်ခန့်...."

အနားမှ အော်လိုက်သည့် ကျော်မြအသံကြောင့် သူအတိတ်မှ လက်ရှိအချိန်သို့ ပြန်လည်ရောက်ရှိလာသည်...။

"ဟာ... ဘာလဲကွာ... ယောက်ဖ မင်းကလည်း အလန့်တကြား...."

"ဘာကွ..."

ဟု ဒေါသတကြီးဖြင့် သူ့ကို မျက်လုံးကြီး ပြူးကြည့်ရင်း မေးလာသော သကောင့်သားကို ကြည့်ရင်း...

"ဟဲ... ဟဲ... ဆောရီးကွာ... ငါနည်းနည်း အတွေးလွန်သွားလို့ပါ... သယ်ရင်းကလဲ... ပြောလေ.. ပြော... မင်းဘာပြော မလို့လဲ...."

ဟု မျက်နှာချိုသွေးရင်း သူမေးလိုက်သည်...။ ပြူးနေသော မျက်လုံးမှာ ထိုအခါ ပိုကျယ်သွားရင်း...

"ဟေ့ကောင်.. ကျော်ခန့်.. မင်း.. မင်း... ငါ့ကို လာပြောင်နေတာလား... ငါမေးနေတာကွ မင်းကို...."

ဟု ဒေါသတကြီးဖြင့် ပြောလာတော့သည်...။ သူလည်း အပြေးလွှား စဉ်းစားလိုက်ရင်း...

"အော်... အေးပါ..."

ဟု ပြောရင်း...

"မင်းမေးတာ.. သန္တာကိစ္စမှတ်လား..."

ဟု ခပ်တည်တည်နှင့် ရှီးလိုက်တော့မှ...

"အေးလေ.... မင်းသူ့ကို သတိရသေးလား... ခု..."

ဟု ထပ်မေးလာတော့မှ သူလည်း သက်ပြင်းတစ်ချက် အသာချရင်း...

"အင်း... မှန်တဲ့အတိုင်း ဂန်ခံရရင်တော့ တစ်ခါတစ်လေ တိုက်ဆိုင်မှုလေးတွေ ရှိခဲ့ရင်တော့ သတိရမိပါတယ် မင်းကဘာလို့ လာမေးနေရတာလဲ...."

ဟု မေးရင်း သူလည်း အနည်းငယ် စိတ်ဝင်စားသွားသည်...။ ဟုတ်သည်လေ သူတို့ ပြတ်တောက် သွားခဲ့သည်မှာ လူတစ်ယောက် ဒါမှမဟုတ် ဘဂတစ်ခုကို ပြောင်းလဲဖို့ ကောင်းကောင်း လုံလောက်သည် မဟုတ်ပါလား...။

"အင်း... ဘာမှတော့ မဟုတ်ပါဘူး... လွန်ခဲ့တဲ့ တစ်နှစ်လောက်က... သန္တာ ငါ့ဆီ ရောက်လာတယ်ကွ... မင်းကိုမေးတယ် ဘယ်မှာလဲတဲ့.... ငါလည်း ဒီမိန်းမကို ဇောက်မြင်ကပ်တာနဲ့ မသိဘူး.... နောက်.. ဟန်နီစံနဲ့ မင်းနဲ့ကြားမှာလည်း စိတ်အနှောင့်ယှက် ဖြစ်မှာစိုးလို့... ငါမပြောလိုက်ဘူး...."

ဟု ပြောလာလေသည်...။ သူတော်တော် စိတ်ဝင်စားသွားသည်...။ ဘာလဲ ဒီမိန်းမ သူ့သိက္ခာ၊ သူ့မာန၊ သူ့အရှက်တရား၊ အို အားလုံးပါပဲ မာမီနှင့် ဒက်ဒီရှေ့ ဒီမိန်းမကြောင့်အများကြီး ပေးဆပ်ခဲ့ရပြီးပြီ...။ ခုမှဘာလုပ်ဖို့ ပေါ်လာတာလဲ ဒီမိန်းမ...။ သူငယ်ချင်း အရင်းခေါက်ခေါက်အနေဖြင့် ကျော်မြ လုံးဝမလွန်ချေ...။ ဟုတ်ပါသည်...။ ဒီကောင် ကိုယ်တိုင် တောင် ဒီဇာတ်လမ်းမှာ အများကြီး ပတ်သက်ခဲ့ရဖူးသည်ပဲ...။

"အင်းလေ... ထားလိုက်ပါ... မင်းမှန်ပါတယ် သူငယ်ချင်း... ကဲ... ပြန်ကြရအောင်... ငါ့ကို... ငါ့အခန်းပဲ ပြန်ပို့ပေးကွာ... နော်... ညကျမှ မင်းရယ် ငါရယ် ဟိုကောင်ကြောင်နဲ့ ဆုံရအောင်.... မင်း.သူတို့ယောက်ကို တစ်ချက်လောက် ချိန်းပေးပြီး ညနေ ငါ့ကိုလာခေါ်လေကွာ... နော်...."
ဟု သူပြောလိုက်ရာ ကျော်မြလည်း ခေါင်းညိတ်လိုက်ရင်း...
"အေးလေ... ငါလည်းမင်းကိုပို့ပြီး ရုံးသွားလိုက်မယ်... မင်းနားလိုက်ပါဦး... ညနေမှ ငါလာခေါ်လိုက်မယ်..."
ဟု ပြောရင်းယောက်သား ပြန်ခဲ့ကြတော့သည်...။

-------------×-------------------×---------------×---------------------

**ငါမငိုဘူး...။**
**ဒါပေမဲ့**
**နှလုံးသားမှာ**
**ဘီလူးဂင်ပူးတယ်...။**

**လက်သည်းချွန်များနဲ့**
**မှော်ဆရာက**
**ငါ့နှလုံးသားကို**
**ရင်ဘတ်ကနေ ဆွဲခွာတယ်**
**နာကျင်ပေမဲ့**
**ငါမငိုဘူးကွယ်...။**

**ငါ့ရဲ့ဂိုညာဉ်မှာ**
**ပန်းနှင်းဆီတွေ အပြာလွင်ဆုံးပွင့်**
**ငါ့ရှက်တိုင်ကို အမြင့်မားဆုံး လွှင့်ထူမယ်...။**

**ဟေး... ပင်လယ်**
**ဟေး... လှဲအိပ်နေတဲ့ ပင်လယ်**
**ခုထစမ်း**
**သင့်ဆီ ငါလာတယ်...။**
**(တာရာမင်းဝေ ပန်းခေတ်ကလမင်း)**

သူ့ရဲ့ Audi x-6 တံခါးနှစ်ပေါက်ပါ မိုးပြာရောင်ရင့်ရင့် sport type ပြိုင်ကားကို အသင့်ဖွင့်ထားသော ခြံတံခါးဂမှ ကွေ့ဝင်လိုက်သည်နှင့် လုံခြုံရေးဂိတ်စောင့်မှ ပြေးလာပြီး...

"ဟာ... ကိုလေး... နောက်မှာပွဲစနေပြီ.... ကားသော့ထားခဲ့လိုက်... ကျနော်... ပါကင်ထိုးထားလိုက်မယ်...."

ဟု သူ့ကိုပြောလာသဖြင့် သူလည်း ခေါင်းတစ်ချက် ဆတ်ပြလိုက်ရင်း တံခါးကိုဖွင့်ကာ ထွက်ရင်း မီးရောင်စုံ ပျိုးပျက်လက်နေသည့် တိုက်နောက်ဘက်သို့ လျှောက်သွားလိုက်တော့သည်...။ သူ နောက်ဘက်ရောက်သည်နှင့် မျက်စိကို ဘေးဘယ်ညာ ဝေ့ဝဲကြည့်ရင်း ကစားလိုက်ရာ တိုက်နောက်ဘက် အိုလံပစ်စတိုင် ရေကူးကန် ဘေးဘယ်ညာ မြက်ခင်းပြင်ပေါ်တွင် အရောင်အသွေးစုံစွာဖြင့် လူတော်တော်များများ ရောက်နေကြပြီကို တွေ့လိုက်ရသည်...။ သူ့ဘောင်းဘီအိတ်ထဲ ညာက်လက်ကိုနှိုက်ရင်း ဘားကောင်တာရှိရာသို့ လမ်းလျှောက်သွားလိုက်သည်...။ ထိုစဉ်....

"ဟေး... နေရောင်... ယူနောက်ကျတယ်ကွာ... တို့ ယူ့ကို မျှော်နေတာ လွန်ခဲ့တဲ့ တစ်နာရီထဲကပဲ...."

ဟု ပြောရင်း သူ့လက်မောင်းကို တွဲလာသည့် ယမင်းကို ပြုံးပြရင်း...

"HAPPY BIRTHDAY ယမင်း....."

ဟု နှုတ်ဆက်လိုက်သည်...။

"THANK YOU ပါ နေရောင်..."

"ရော့.... ယမင်း.... ဒီမှာ ယူ့အတွက် ဘက်ဒေးပရဲဆင့်..."

ဟု ပြောရင်း သူ့လက်ထဲမှ နက်ပြာရောင် ကတ္တီပါဘူးလေးကို လှမ်းပေးလိုက်သည်...။

"ပိုး... နေရယ်... ယူကတော့ အရမ်းချစ်စရာ ကောင်းတာပဲ...."

ဟု ပြောရင်းမှ ဖွင့်ကြည့်လိုက်လေသည်...။

"အိုး... နေ.. နေ.... ဒါ.. ဒါ.... ဘယ်လ်ဂျီယံကတ် (cut) Virgo နဲ့ လုပ်ထားတာမှတ်လား... နေရောင်ရယ်... ယူကတော့ ဒါကြောင့်လည်း ကောင်မလေးတွေ ကြွေနေတာဖြစ်မယ်..."

ဟု သူပေးသော စိန်ရင်ထိုးလေးကို ကိုင်ကြည့်ရင်း စိတ်လှုပ်ရှားစွာ ပြောလာသည့် ယမင်းကို သူပြုံးကြည့်ရင်း...

"အင်း... ယမင်းကြိုက်လား... ယမင်းကြိုက်တယ်ဆိုရင်.... တို့ပေးရကြိုး နပ်တာပေါ့...."

ဟု ပြောလိုက်ရာ...

"ဟာ... နေကလဲ... ဘယ်လို မေးလိုက်တာလဲ.... တို့ မာမီကို ပူဆာနေတာကြာပြီ.... ဈေးကြီးသေးတယ် ဆိုပြီး... ပြောနေလို့....."

"ဩော်... ယမင်းရယ် ဈေးကအဓိကမဟုတ်ပါဘူး.... ယူကြိုက်နိုင်တယ်လို့ ထင်လို့ တို့.. သူငယ်ချင်းကို လှမ်းမှာလိုက်တာပါ...."

"ဟင်း..ဟင်း... သိတယ်လေ.... အဲဒါကြောင့်လည်း တို့ ယူ့ကို စွဲနေရတာပေါ့... ယူပွဲပြီးတဲ့ထိ နေရမယ်နော်... ဒီလောက် သိတတ်တဲ့ ယူ့ကို တို့ကလည်း ပြန်တာဝန်ကျေရမှာပေါ့..."

ဟု သူ့နား နားကပ်ကာ စတော်ဘယ်ရီနံ့ သင်းပျံ့နေသော နှုတ်ခမ်းမှ ထွက်သောလေသံဖြင့် ပြောလာရာ အောက်မှ ညီတော်မောင်က ဖြောင်းကနဲ ကန်ထလာသဖြင့် သူလည်း...

"ကဲ... မွေးနေ့ရှင်.... ခုတို့ဗိုက်ဆာနေပြီ... တစ်ခုခုတော့ အရင်ကျွေးပါဦး..."

ဟု ခပ်ရွှတ်ရွှတ် ပြောလိုက်မှ...

"Oh! So sorry ပါ... နေရယ်.... လာ... တို့ ဘူဖေးကောင်တာကို လိုက်ပို့မယ်..."

ဟု ပြောရင်း ရှေ့မှ သမင်မခြေလှမ်းဖြင့် ဦးဆောင်ထွက်သွားရာ သူလည်း ယမင်း၏ ပေါင်လည်လောက်ထိ ရောက်နေသော စကပ်အဖြူရောင်အောက်မှ လုံးဂန်းသော စစ်ကိုင်းအိုးကို ကြည့်ရင်း နောက်မှ လိုက်သွားလိုက်တော့သည်...။ (ကိုဟိတ်... ခဏယူသုံးလိုက်တယ်နော်... ဟက်.. ဟက်...)

တစ်ကယ်တော့ သူ့ဘဝတွင် လမင်းဆိုသည်မှာ အမြဲကောင်းကင်တွင် ထွန်းလင်း နေသည်ကိုသာ တွေ့ခဲ့ဘူးပါသည်...။ ဒါပေမဲ့ ဒီညမှာတော့ ခြံထောင့်၏ ညာဘက်ထောင့် စွန်းစွန်းမှာ မျက်လုံးထောင့်မှာ ရိပ်ခနဲ လှမ်းအမြင် တစ်ခြံလုံး မီးရောင်စုံများ အရောင်အသွေးစုံသောပန်းပွင့်လေးများ အားလုံး ခဏမျှ အမှောင်ကျသွားသလို ခံစားလိုက်ရသည်...။ ထို့နောက် ရုပ်ရှင်ထဲမှ အနေးပြကွက်လို စိတ်ထဲမှာ တစ်စုံတစ်ရာက သူ့ကို ညို့ယူလိုက်သလို ခြေလှမ်းများက ထိုလမင်းတစ်စင်း ထွန်းနေသော စားပွဲဝိုင်းရှိရာ တရွေ့ရွေ့ အိပ်မက်တစ်ခုထဲ လမ်းလျှောက်နေသလို ရွေ့လျားသွားမိသည်...။ စားပွဲအနီးအရောက် ဖြတ်ခနဲ မျက်ဖန်းတစ်စုံက ပင့်ကြည့်သည် ဆိုရုံလေး၊ သူဘယ်လို လုပ်ပြီး ဘာစကား၊ ဘာခွင့်မှ မတောင်းမိပဲ ထိုင်လိုက်မိသည်ကို မသိလိုက်...။ ငုံ့ထားသော ခေါင်းကလည်း ရှေ့မှ ချထားသော အအေးခွက်ကိုသာ ကြည့်နေပြီး ထပ်ပြီးမော့မကြည့်လာတော့...။

"ဟေး... နေရောင်... ယူက ဘယ်ရောက်သွားတာလဲလို့...."

ယမင်း၏ အသံကြားမှ စိတ်နှင့်လူနှင့် ပြန်ကပ်သွားမိသည်...။ ယမင်းက ကော့တေးနစ်ခွက် ကိုင်ကာ သူတို့ဝိုင်းဆီ ရောက်လာသည်...။

"အော်... ယူက ပန်းပွင့်ဆီ ရောက်နေတာကိုး... ဟင်း... ဟင်း...."

ထပ်မံပြီး ဒုတိယအကြိမ် ဖြတ်ခနဲ ဝေ့ကြည့်လာသော မျက်ဖန်းကို သူမြင်ခွင့်ရလိုက်သည်...။ အပြာရောင် လုံးဂကြည် လင်နေသော မျက်သားအပြာရောင် တစ်စုံနှင့် လိုက်ဖက်လှသော မဟူရာရောင်မျက်ဆံ အားလုံး ရင်ထဲ အေးကနဲ ဖြစ်သွားသည်ကိုတော့ စိတ်နဲ့ကိုယ်နဲ့ မကပ်ပဲနေသည့်ကြားမှ သတိထားမိလိုက်သည်...။

"နေ... ဒါ... ပန်းပွင့်တဲ့... နာမည်အပြည့်အစုံက ပန်းပွင့်သန္တာတဲ့...."

"ပန်းပွင့်.... ဒါ... နေရောင်တဲ့.... နေရောင်ကျော်ခန့်တဲ့...."

မည်သူမျှ မတောင်းဆိုပဲ ဂင်ရောက်မိတ်ဆက်ပေးသော ယမင်းကို ပထမဦးဆုံးအကြိမ် သူကျေးဇူးတင်မိသွားသည်...။ သူ ခေါင်းပဲ ညိတ်ပြလိုက်မိသလား၊ ပြုံးပဲပြလိုက်မိသလား သတိမထားမိလိုက်...။ သေချာတာကတော့ ဘယ်ဘက်ရင် ဘတ်အခြမ်းမှ သွေးတွေ တထိတ်ထိတ် ခုန်နေတာတော့ သေချာသည်...။

"ပန်းပွင့်တဲ့လား...."

မိတ်ဆက်လိုက်တာလား၊ ဒါမှမဟုတ် မေးလိုက်တာလား မသေချာလိုက်...။

"ရှစ်...."

သူ့ဘာသာ ခပ်တိုးတိုး ဆဲလိုက်မိသည်...။ သတိထားစမ်းပါ ကျော်ခန့်ရာ မင်း သူငယ်နပ်စားလေးမှ မဟုတ်တော့ တာပဲ...။ ခုမှ မိန်းမ မြင်ဖူးတာ ကျနေတာပဲ...။ ကိုယ့်ဘာသာ စိတ်ထဲမှကျိတ်ပြောရင်း...

"ဟုတ်ကဲ့... သိရတာ ဂမ်းသာပါတယ်ဗျာ..."

ဟု ပြောရင်း ခေါင်းတစ်ချက် ဆတ်ပြလိုက်မိသည်...။ ဟုတ်သည်လေ သူလက်ကမ်းပြီး မိတ်ဆက်တာတို့ ဘာတို့ မလုပ်ချင်ပါ...။ အထူးသဖြင့် မြန်မာမိန်းကလေး တစ်ယောက်အနေဖြင့် လက်ခံချင်မှ လက်ခံမည်...။ လက်မခံပါက သူ အူကြောင်ကြောင် အဖြစ်မခံနိုင်ပါ...။ တစ်ဆက်တည်း သူကိုယ့်ဘာသာ တွေးလိုက်မိသည်...။ မဆိုး ဒီလောက်ဆို ကိုယ့် ကိုကိုယ် ထိန်းချုပ်နိုင်သွားပြီဟ...။ စူးကနဲ အကြည့်တစ်ချက် ရောက်လာတာကို တွေ့လိုက်ရသည်...။ အမတန်လှပ သော နှုတ်ခမ်းလေးမှ ဘာစကားမှတော့ ထွက်မလာခဲ့...။

"ယမင်း... ငါပြန်တော့မယ်.... ရောက်နေတာလည်း တော်တော်ကြာသွားပြီ... မိုးလည်းချုပ်နေပြီ... happy birthday ဖြစ်ပါစေ...."

ချိုသာသည်ဟု ထင်ရသော်လည်း အနည်းငယ် မာဆတ်ဆတ် ဖြစ်နေသည်ကို သူသတိထားမိလိုက်သည်...။ ထပ်တွေးမိ လိုက်သည်မှာ ဟာ... ဒီမိန်းမ... ငါတစ်ယောက်လုံး ရှိနေတာတောင်.. ငါ့ကိုမနတ်ဆက်ပါလား... လုံးဂအဖက်မလုပ်တဲ့

သဘောပေါ့ ဟု ရင်ထဲအောင့်ကနဲ ဖြစ်သွားအောင် တွေးမိလိုက်သည်နှင့် ဖျင်းကနဲ မာနက သွေးများကို ဆူဝေလာစေသည်...။ တွေ့ကြသေးတာပေါ့ကွာ ဒါမျိုးမှ ကျော်ခန့်တို့ကလည်း ကြိုက်တာ...။
"ဟာ.... ပြန်တော့မလို့လား... တစ်ယောက်ထဲ.... ကျွန်တော်ပြန်ပို့ပေးရမလား...."
ဟု ရွဲ့ချင်သော စိတ်တစ်ဂက်၊ ရင်ထဲမှတစ်ကယ်ဖြစ်သော စေတနာတစ်ဂက်နှင့် သူမေးလိုက်မိသည်...။ ထပ်မံပြီး မလိုလားသော အကြည့်စူးစူးနှင့်အတူ...
"မလိုပါဘူး... တက္ကစီတွေမှ တစ်ပုံကြီး.... ရှင့်ကြည့်ရတာ သိပ်အချိန်တွေ၊ ငွေတွေ ပေါများနေတယ်နဲ့ တူတယ်... အဲဒါဆိုလည်း လူတွေ အကျိုးရှိတာတွေ လုပ်ပေါ့.... ကျမအတွက်တော့ မလိုပါဘူး..."
ဟု မဲ့သလို၊ ရောင်သလိုအပြုံးနှင့်...။ ပထမဆုံးအကြိမ် ထွက်ကျလာသော ရှည်လျားသော ဂါကျနှင့်အတူ၊ မျက်နှာကို ဖြတ်ရိုက်လိုက်သလို ပူကနဲ ခံစားလိုက်ရသည်...။ သူလက်သီးကို တင်းကနဲ ဆုပ်လိုက်မိသည်...။ သူတစ်ခုခု ပြန်ပြောမည်ပြုစဉ် သူမက လုပစ္စာပင် ယမင်းနှုတ်ဆက်သံကိုတောင် မစောင့်ပဲ ထွက်သွားခဲ့ပြီ ဖြစ်သည်...။
"ဟင်း.. ဟင်း.. နေရောင်... ယူခံလိုက်ရပြီမှတ်လား...."
ဟု စာနာသလို၊ ကလိသလို ရီသံနှင့်အတူ ပြောလာသော ယမင်း၏အသံကိုလည်း သူသတိမထားတော့...။ သူ သတိထားမိလိုက်သည်က သူ့ရင်ထဲတွင် ဒီမိန်းမထွက်သွားချိန် ရင်ဘတ်ထဲမှ တစ်စုံတစ်ခု ထွက်ကျသွားသလို၊ တစ်စုံတစ်ခုပဲ ရင်ဘတ်ထဲ ခုန်ဝင်လာသလို၊ မတူညီသော ခံစားမှု၂ခု ဖြစ်ထွန်းသည်ကိုတော့ သတိထားမိလိုက်သည်...။ ထပ်ပြီး သတိထားမိလိုက်သည်က၊ (ငွေတွေ၊ အချိန်တွေ ပေါများနေရင် ဆိုတဲ့ စကား...) သေချာပြီ ဒီမိန်းမ သူ့ကို သေသေချာချာကို သိနေရမည်...။ မဟုတ်ရင် ကြားဖူးနေရမည် ဖြစ်သည်...။ ထိုသို့ တွေးမိလိုက်သည်နှင့် စောစောက နောက်ကျိသွားသော စိတ်က အနည်းငယ် ပြန်လည်ကြည်လင်လာသလို ခံစားလိုက်ရသည်...။ တစ်ချက်လည်း သူညာဘက် နှုတ်ခမ်းကို တွန့်ရင်း ပြုံးလိုက်မိသည်...။ ပန်းပွင့်သန္တာတဲ့လား... ဟင်း.. ဟင်း.. စိတ်ထဲမှ သဘောကျစွာ တွေးလိုက်မိသည်...။ နေရောင်ကျော်ခန့်နှင့် တွေ့ကြပြီပေါ့...။ သူအတွေးလွန်နေရင်းမှ အနည်းငယ် ဗိုက်ဆာလာနေသည်ကို သတိရလာသောကြောင့် မရောက်ဖြစ်လိုက်သေးသည့် ဘူဖေးကောင်တာရှိရာသို့ ထသွားလိုက်သည်...။ ဒီလောက် ဧည့်သည်များတာတောင် အစားအသောက်များက အလျှံပယ် ကျန်နေသေးသည်ကို တွေ့လိုက်ရသည်...။ အင်းပေါ့လေ ဒီလောက်ကတော့ ယမင်းတို့က ဘယ်စာဖွဲ့မှာလဲ...။ တော်တော်လေးတော့ ကုန်ကျမည်ဟု သူသိသည်...။
"ဟော့... နေ.. ခုမှစားမလို့လား.... စားနင့်နော်.... တို့... ဟိုတယ် service အဖွဲ့ကို ငွေသွားရှင်းပေးလိုက်ဦးမယ်နော်.... ဗိုက်တော့ သိပ်တင်းမနေစေနဲ့ဦး.... သိလား...."
ဟု ပြောရင်း သူ့ကို မျက်စိတစ်ဖက် မှိတ်ပြကာ ထွက်သွားသည့် ယမင်းကို သူပြုံးကြည့်နေလိုက်သည်...။ သူဗိုက်ထဲက ဆာသော်လည်း စိတ်မပါစွာနှင့် ထည့်လာသော broccoli အနည်းငယ်နှင့် lamb chop ကို စိတ်မဝင်စားစွာနှင့် စားနေရင်းမှ ခေါင်းထဲသို့ စောစောက ဟိုမိန်းမ ပြောသွားသော စကားတို့ကို သတိရနေမိသည်...။ ဘာတဲ့ အချိန်တွေ၊ ငွေတွေ ပိုနေသတဲ့လား သူစားနေရင်းမှ မဲ့ပြုံး ပြုံးလိုက်မိသည်...။
"ဟိတ်... ဆရာကြီး.... ဘာတွေ သဘောကျနေလဲ...."
ဟု ပြောရင်းမှ သူငုံ့ထားသော ပိုင်ခွက်ကို ယူသောက်နေသော ယမင်းကို သူငေးကြည့်နေမိသည်...။
"အမလေး.... မောလိုက်တာ... နေရယ်... ခုမှပဲ အမောပြေသွားတော့တယ်...."
ဟု သူ့ကိုကြည့်ရင်း ပြောလာသော ယမင်းကို ကြည့်ရင်း တွေးနေမိသည်...။

တစ်ကယ်ဆို ယမင်းနှင့် သူက လက်တွဲမယ်ဆိုရင် ဘာမှပြောစရာ မလိုသလို ဘယ်သူမှလည်း ကန့်ကွက်မည့်သူမရှိ...။ ယမင်းတို့ မိဘတွေနှင့် သူ့မိဘတွေက ငယ်ပေါင်း၊ စီးပွားဖက်တွေ မဟုတ်ပေမဲ့ နှစ်အိမ်တစ်အိမ် ဂင်ထွက်နေသူတွေ...။ ယမင်း အဖေနှင့် သူ့အဖေဆို ဆုံဖြစ်တိုင်း ယခင်က ဂေါက်ဖ် ရိုက်နေကြ၊ တိုင်ပင်နေကြ...။ ယခု

သူ့မာမီနှင့် ဒက်ဒီက ယူအက်စ်မှာ အလုပ်ကိစ္စကြောင့် သွားနေရသလို၊ ယမင်းမိဘတွေကလည်း အော်ဇီမှာ ပန်းချီ၊ပန်းပု စသော လက်မှုပညာဆိုင်တွေ သွားရောက်ဖွင့်ထားတာ သူသိသည်...။ ဒီပြင် လုပ်ငန်းခွဲတွေ အများကြီး ရှိမှန်းလည်း သူသိထားသည်...။ ဒါပေမဲ့ ဒီထက်ပိုပြီး သူသေချာသိသည်က ယမင်းကို သူဘယ်လိုမှ ရင်မခုန်ခြင်းပင်...။ သူနှင့် ယမင်း အနေထားက အနောက်နိုင်ငံများမှာလို (sex friend) အနေထားမျိုးသာ ဖြစ်နေသည်...။ ယမင်းလည်း သူ့လိုပဲဟု သူယုံကြည်သည်...။

"ဟေ့... ဟာ.... လူကို ဘလိုင်းကြီးကြည့်ပြီး ဘာစကားမှလည်း မပြောပါလား....."

ယမင်းပြောမှပင် သူအတွေးလွန်သွားသည်ကို သိလိုက်သည်...။ သူယမင်းလက်ထဲမှ ပိုင်ခွက်ကို ဆွဲယူမော့သောက်ရင်း..

"မဟုတ်ပါဘူး.... ယမင်းက အရမ်းလှနေလို့ ငေးနေမိတာပါကွာ..."

"ဟ... ဟ... ပေါ်တင်ကြီး လာမြှောက်နေပါလား...."

ဟု နှုတ်ခမ်းလေးကို ချစ်စဖွယ်ဟရင်း သူ့ကိုလှောင်နေသည့် ယမင်းကို သူဘာမှမပြောပဲ ငေးသာကြည့်နေလိုက်သည်...။

"အားလုံးလဲပြန်သွားပြီ.... အရမ်းလည်း... ငြီးစီစီကြီးဖြစ်နေလို့.... ရေကူးမလား.... နေ..."

ဟု သူ့ကို ကြည့်ရင်း မေးလာသည့် ယမင်းကို သူငေးနေရင်းမှ

"အင်း... ကူးလေ ယမင်း.... တို့ စောင့်ပေးမယ်လေ...."

ဟု ပြန်ပြောလိုက်ရာ ချစ်စဖွယ် မျက်စောင်းလေး ထိုးရင်းမှ...

"အိုး... ဒါတော့ယူပြောမှလား... တူတူကူးရအောင်လို့ ပြောတာကို...."

ဟု နှုတ်ခမ်းကို ထော်၍ပြောရင်း ထိုင်ရာမှ ထကာ သူ့ကို ကျောခိုင်းကာ ထွက်သွားသော ယမင်း၏ အကာကွယ် မရှိသော နောက်ကျောပြင် ဖွေးဖွေးလေးကို ကြည့်ရင်း သူလည်း ထလိုက်သွားတော့သည်...။ ရေကူးကန်ဘေးရှိ (dead chair) တစ်ခုပေါ်တွင် သူဂင်လှဲရင်းမှ နောက်ထပ်ပုလင်းထဲမှ လက်ကျန် ဝိုင်အနည်းငယ်ကို သူဖန်ခွက်ထဲ ငှဲ့ထည့်ရင်း ယမင်းကို ကြည့်လိုက်ချိန်တွင် ယမင်းက အင်္ကျီတောင် ချွတ်ပြီးသွား၍ စကပ်ကိုတောင် ကုန်းကာ ချွတ်ချနေပြီ ဖြစ်သည်...။ သူအနည်းငယ် ရင်ခုန်သွားသလို ခံစားလိုက်ရသည်...။ မြင်ဖူးတွေ့ဖူး နေကြပေမဲ့ ရင်ထဲ တစ်မျိုး ခံစားလိုက်ရသည်...။ တွေးနေခိုက်မှာပင် သူမက ရေထဲသို့ လှပစွာ ဒိုက်ဗင်ထိုးချသွားပြီ ဖြစ်သည်...။

တစ်ဘက်ကမ်းသို့ အရောက်တွင် ပက်လက်လှန်ကာ၊ ဒီဘက်ကမ်းသို့ ပြန်ကူးလာနေသည်ကို တွေ့ရချိန်တွင် သူအာခေါင်တွေခြောက်ကာ ရေငတ်သလို ဖြစ်လာသဖြင့် လက်ထဲမှ ဝိုင်လက်ကျန်ကို တစ်ချက်ထဲ ကောက်မော့လိုက်ကာ သူ့အင်္ကျီတွေ ဘောင်းဘီတွေ အကုန်ချွတ်လိုက်မိသည်...။ ထို့နောက် ရေထဲသို့ ဒိုက်ဗင်ထိုးဆင်းလိုက်သည်...။ အေးမြသော်လည်း နွေးထွေးသည်ဟု စိတ်ထဲခံစားလိုက်ရသည့် ရေ၏အထိတွေ့ကြောင့် ညစ်ညူးနေသော သူ့စိတ်များ အနည်းငယ် ကြည်လင်လာသလို ဖြစ်လာသည်...။ သူယမင်းဆီသို့ လက်ပစ်ကူးသွားလိုက်သည်...။

"ခစ်.. ခစ်... ပြောသားပဲ ရေထဲလိုက်မလာနဲ့လို့...."

ဟု ပြောရင်း သူ့ကို လှောင်နေသည့် ယမင်းကို အနားအရောက်တွင် ဆတ်ကနဲ ပွေ့လိုက်ပြီး ချိုမြသော နှုတ်ခမ်းလေးကို အားနှင့် ဖုံကာဆွဲစုပ်လိုက်သည်...။

"အွန်း... အွန်း... ဖရူး.... ဟွန်း...."

သူစကားပြောခွင့် မပေးချင်တော့ပါ...။ သူ့ကြမ်းတမ်းမှုနှင့် ထပ်တူပင် သူမကလည်း မွတ်သိပ်စွာ တုံ့ပြန်လာလေသည်...။ သူနမ်းနေရင်းမှ လက်တစ်ဖက်က ဘယ်ဘက်နို့တစ်ဖက်ကို ဆုပ်ညှစ်ရင်း ညာဘက်လက်က အောက်ဘက် ပင်တီလေးထဲ လျှောကနဲ တိုးဝင်ကာ အမွေးစုစုလေးအောက်မှ အကွဲကြောင်းလေးထဲ လက်ခလယ်ကို အမြှောင်းလိုက် ပွတ်လိုက်သည်...။ သူမလက်ကလည်း သူ့ကို တင်းကျပ်စွာဖက်ရင်း နမ်းနေရင်းမှ လက်တစ်ဖက်က သူ့ဘောင်းဘီထဲ တိုးဝင်လာသည်...။ ထို့နောက် သူ့ဒစ်လိုင်းတစ်လျှောက် လက်မလေးနှင့် ဖေ့ဂိုက်ပွတ်သပ်ရင်း ကျန်လက်ချောင်းလေး

များကလည်း ရှေ့တိုးနောက်ဆုတ် ကစားနေတော့သည်…။ ထိုစဉ် ယမင်းက နမ်းနေရင်းမှ ဖြတ်ကနဲ ခွာလိုက်ပြီး ဆတ်ကနဲ ရေထဲသို့ ငုပ်သွားသည်…။ နောက် သူ့ဘောင်းဘီကို ချွတ်ပစ်လိုက်သည်ကို သူသိလိုက်သည်…။ နောက်ထပ် အေးမြသော ရေထဲမှာပင် သူ့အတံတစ်ချောင်းလုံး နွေးထွေးသွားသည်ကို ခံစားလိုက်ရသည်…။

"အား…. အ… အ…"

သူမခံနိုင်စွာပင် နှုတ်မှထုတ်ကာ ညည်းမိသည်…။ နောက် ဂဲဂယက်တစ်ခုလို အားပါသော ပြင်းထန်သော စုပ်စွဲမှု၏ နောက်တွင် သူ့အတံကြီးမှ သုတ်များ အရှိန်ဟုန် ပြင်းစွာ ထွက်သွားသည်ကို သိလိုက်သည်…။

*ဗွမ်း…..*

"ဖူး…. ကောင်းလားဟင် နေ….."

ဟု မေးလာသည့် သူမကို သူအနမ်းဖြင့် တုန့်ပြန်လိုက်သည်…။ အနည်းငယ် ငံကျိခါးသက်သော အရသာကို သူခံစားမိသည်…။ ပြဿနာမရှိပါ…။ သူမရှုံ့ပါ…။ သူမတောင် သူ့ကို ဒီလောက်ဂရုစိုက်ပေးသည်ပဲ…။ သူလည်း ရေထဲသို့ ငုပ်မည် ပြုစဉ် ဖျတ်ကနဲ သူ့လက်ကို ဖမ်းဆွဲထားလိုက်ပြီး…

"ဟင့်အင်း… နေ…. တို့နည်းနည်းချမ်းနေပြီ… အပေါ်က တို့အခန်းကို သွားရအောင်နော်…."

ဟု ပြောလာသဖြင့် သူခေါင်းကို ဆတ်ကနဲငြိမ့်ပြီး စွေ့ကနဲ ပခုံးပေါ် ရေထဲမှာ ကောက်ထမ်းလိုက်ပြီး သူမ အိပ်ခန်းဆီသို့ တက်လာခဲ့လိုက်သည်…။ ထို့နောက်တွင်တော့ ပြင်းထန်သော ဆောင့်ချက်အသံများ တအားအား ညည်းညူသံများနှင့် အတူ သူအိပ်ပျော်သွားခဲ့သည်…။ ဖြတ်ကနဲ လန့်အနိုးတွင် သူ့ဘေးတွင် ဂတ်လစ်စလစ် အိပ်ပျော်နေသော ယမင်းကို တစ်ချက်ကြည့်ရင်း စောင်ကိုခြုံပေးရင်း သူအဂတ်အစားများဂတ်ကာ ပြန်လာခဲ့လိုက်တော့သည်…။

--------------×-------------------×---------------×---------------------

သူလုံးဝမကျေနပ်ပါ…။ ငယ်ငယ်လေးထဲကနေ ခု ၂၃ နှစ်ထဲ ရောက်သည့် အချိန်ထိ ဘယ်ယောက်ျား တစ်ယောက်ကိုမှ မပက်သက်ဘူးခဲ့သလို၊ ပက်သက်လာနိုင်သမျှကိုလည်း ဝေးဝေးမှရှောင်ခဲ့သည်…။ ပန်းပွင့်သန္တာ ဆိုသော သူမဘဝအတွက် ယောက်ျားတစ်ယောက်ဆိုသည်မှာ ဒါမှမဟုတ် ယောက်ျားတွေဆိုသည်မှာ ဝေးဝေးမှသာ ရှောင်ရှားစရာ ဒါမှမဟုတ် အန္တရာယ်တစ်ခု အနေဖြင့်သာ သဘောထားခဲ့သည်…။ မေမေတို့၊ တီတီတို့၊ ဘွားဘွားတို့ ကိုလည်း ဒီတစ်သက် ဘယ်ယောက်ျားမှ ပက်သက်စရာမရှိဟု အမြဲကြွေးကြော်ခဲ့သည် မဟုတ်ပါလား…။ မှတ်မှတ်ရရ ယမင်းရဲ့ မွေးနေ့ကို သူမ မသွားဖြစ်ခဲ့လျှင် ယခုလို ယောက်ျား တစ်ယောက်အကြောင်းကို သူမအချိန်ကုန်ခံပြီး တွေးနေမိ မည်မဟုတ်…။ အဲဒီမွေးနေ့ တုန်းကလည်း တမင်ကို လူတွေအထူးသဖြင့် ယောက်ျားတွေနှင့် မပက်သက်ချင်သဖြင့် လူအရှင်းဆုံး စားပွဲမှာ ရွေးထိုင်နေခဲ့သည် မဟုတ်ပါလား…။

အဲဒီယောက်ျားမွေးနေ့ပွဲကို ဂင်လာကတည်းက သူမြင်ပါသည်…။ ကိုယ့်ကိုကိုယ် ယုံကြည်မှု အပြည့်ရှိ သော၊ ဂျစ်ကန်ကန်နိုင်သော မျက်နှာပေးနှင့် လိုက်ဖက်လှစွာပင် မြင့်မားသော အရပ်အမောင်းကို ပိုင်ဆိုင်သော ထို နေရောင်ကျော်ခန့်ဆိုသော ယောက်ျားကို စဂင်လာကတည်းကသူမ သတိထားမိပါသည်…။ သူမဘေးဝိုင်းမှ မိန်းကလေး တော်တော်များများရဲ့ တွတ်ထိုးသံများကြောင့်လည်း ဒီယောက်ျား ဘယ်သူဆိုတာသူမသိပါသည်…။ တော်တော်ကို ဘဂင်မြင့်မဲ့ ပုံစံဟုလည်း ရင်ထဲမှ မှတ်ချက်ချမိခဲ့သည်…။ သူမဝိုင်းတွင် လာထိုင်ကတည်းက ထပြန်သွားဖို့ ကောင်းပါ သည်…။ ဒါပေမဲ့ တစ်စုံတစ်ခုက သူမကို ဆွဲဆောင်ထားသလို၊ သူမခြေလှမ်းတို့ရဲ့ သစ္စာဖောက်ခြင်းကို ခံခဲ့ရသည်နှယ် သူမထွက်မသွားဖြစ်ခဲ့…။

ဒီယောက်ျား သူမပိုင်းတွင် လာထိုင်ကထဲက ဘေးမှ စူးစမ်းသော မျက်လုံးများ၊ အမူအရာများကြောင့် သူမ ထပြန်ဖို့ ယမင်းကို နှုတ်ဆက်လိုက်ချိန်မှာ ပြန်ပို့ပေးဖို့ လာပြောစဉ် သူမ၏ တုန့်ပြန်မှုကြောင့် ယောက်ျားတန်မဲ့ ရဲတွတ်သွားသောမျက်နှာ၊ နောက် မခံချင်ဖြစ်သွားပုံရသော အမူအရာ အားလုံးကို ယခုထိ သူမ အသေးစိတ် မှတ်မိ နေသေးသည်...။ ထို့နောက် ယမင်းရဲ့ ပိုင်စိုးပိုင်နင်းအမူအရာ (ကျွတ်) သေတော့မှာပဲ ငါဘာလို့ ဒီယောက်ျား တစ်ယောက် အကြောင်းကို ခေါင်းထဲရောက်နေရတာလဲ...။ မျက်ခုံးထူထူအောက်မှ အမတန်ကြည်လင်သော မျက်ဝန်း များနှင့် ထိုယောက်ျားဟာ ချောသည်ဟု ပြော၍မဂုပေမဲ့ အမတန် (maleness) ဖြစ်ကြောင်းကိုတော့ သူမ မလိုလားစွာ ပင် အသိမှတ် ပြုရမည်ဖြစ်သည်...။ ဒါကြောင့်လည်း ဟိုနေ့က မိန်းကလေးတွေ သဲသဲလှုပ် ဖြစ်နေကြတာ နေမှာပေ့ါ...။

ဟာ... မစဉ်းစားပါဘူးဆိုမှ ခေါင်းထဲ ထပ်ရောက်လာနေပါလားဟု တွေးရင်း နောက်တစ်ပတ်အတွက် ကလေးတွေကို သင်ဖို့ picture dictionary စာအုပ်ကို ဆွဲယူလိုက်မိသည်...။ မတွေးတော့ပါဘူးဆိုမှ ယောက်ျားတန်မဲ့ ဘယ်ဘက်နားမှာ black diamond ထင်သည် နားကပ်တစ်ဖက်ကလည်း တပ်ထားလိုက်သေးသည်...။ တော်တော် လှချင်တဲ့ ယောက်ျားဟု နှုတ်ခမ်းကို မဲ့လိုက်မိရင်းမှ နားကပ်တပ်သည့် ယောက်ျားများကိုအမတန် ကြည့်မရခဲ့သော သူမသည် ဒီယောက်ျားကတော့ ခြွင်းချက်ဖြစ်ကြောင်း စိတ်ထဲမှ လက်ခံလိုက်ရသည်...။ အော်... ပန်းပွင့်ရယ် နင်လည်း ကိုယ့်ရှုံစံတွေ ပျက်စီးတော့မှာလား...။ ယောက်ျားတွေဟာ တစ်ယောက်မှ ကောင်းတာရှိတာမှ မဟုတ်တာ၊ ဒီပြင် မကြည့်နဲ့ ကိုယ့်အဖေ အရင်းခေါက်ခေါက်ကိုပဲကြည့်...။ အမတန် ချစ်လှပါသည်ဟုဆိုပြီး အတင်းလက်ထပ်ယူခဲ့သော မေမေကိုတောင် ပစ်သွားပြီး ယခု နောက်မိန်းမနှင့် ပျော်မွေ့ပြီး နေတာပဲမဟုတ်လားဟု ကိုယ့်ကိုကိုယ် သတိပေးရင်းမှ ယိုင်နဲ့သွားသော စိတ်များကို ပြန်လည်စုစည်း ယူလိုက်မိသည်...။

--------------×--------------------×----------------×----------------------

"ချီးယားစ်........"

ဟု ပြိုင်တူ ပြောကြရင်းမှ ခွက်လေးခွက် တစ်ပြိုင်တည်းကုန်အောင် မော့လိုက်ကြသည်...။

"ကဲ.... ဆရာသမား.... ပြောစမ်းပါဦး.... မင်းက ဘယ်လိုဖြစ်ပြီး ငါတို့နဲ့ အဆက်သွယ် ဖြတ်ထားရတာလဲ... မင်း... ငါတို့ ကျေနပ်အောင်ရှင်း.... ဒီကိစ္စကို..."

ဟု ပြောရင်း ကျော်လင်းက ကုန်သွားသော စည်ဘီယာခွက်ကို ချရင်းမှ သူ့ကိုမေးလာသည်...။

"ဟုတ်တယ်... ဟုတ်တယ်... ဟေ့ကောင်... မင်း.. ငါတို့... မင်းဆရာနစ်ယောက် ကျေနပ်အောင်ရှင်း...."

ဟု အောင်ဝင်းစိုးကလည်း ဝင်ပြောလာသည်...။ ကျော်မြကတော့ ဘာမှဝင်မပြောပဲ ကိုက်လန်ကြော်တစ်ဖတ်ကို တူဖြင့် လှမ်းယူရင်း သူတို့ကိုကြည့်ရင်း ပြုံးနေသည်...။ သူလည်း ကုန်သွားသော စည်ခွက်ကို စားပွဲပေါ် ချရင်း စားပွဲထိုးလေးကို လက်သုံးချောင်း လှမ်းထောင်ပြရင်းမှ...

"အေးပါကွာ... အေးပါ... ငါမင်းတို့ ကျေနပ်အောင် ရှင်းပြပါမယ်... အေးဆေးပေ့ါ... ခုလောလောဆယ်... အရှိန်လေး ထပ်တင်လိုက်ကြတာပေ့ါ.... ခုမှ ညနေ ၆နာရီပဲ ရှိသေးတာပဲ.... စောပါသေးတယ်.... မဟုတ်ဘူးလား...."

ဟု ပြောတော့မှ နစ်ကောင်သား အင်တင်တင်ပုံစံဖြင့် ငြိမ်သွားတော့သည်...။

"ကဲ... သယ်ရင်းတို့... ဘာထပ်မှာဦးမလဲ... ဒီဝိုင်းကို ငါရှင်းမှာပါ... လိုတာထပ်မှာ...."

ဟု သူထပ်ပြောလိုက်တော့မှ အစားသမား ကျော်လင်းက....

"စိတ်ချ... ဟေ့ကောင်.... မှာဦးမှာ.... မင်းကိုဆုံးမဦးမှာ.... စိတ်မပူနဲ့...."

ဟု ပြန်ပြောဖော်ရလေသည်...။ အသောက်သမား အောင်ဂင်းစိုးကတော့ သူ့ထုံးစံအတိုင်း ဒုတိယခွက်ကုန်လို့ တတိယ ခွက်တောင် လှမ်းမှာနေပြီဖြစ်သည်...။ ဟိုကောင်ကျော်မြကတော့ ကြည့်ရတာ ဒီညမှာ သူ့ကို ဒီနှစ်ကောင်နှင့် ဖြစ်ချင်တာဖြစ်ဟု လွှတ်ထားပြီး ပွဲကြည့်ပရိတ်သတ် လုပ်မည့်ပုံရှိသည်...။ သူတို့ ၄ယောက် ခုလို အတူတူမဆုံဖြစ်ကြသည်မှာ ၁၀ စုနှစ်တစ်ခု နီးနီးရှိပြီဟု သူထင်သည်...။ သူဟိုမိန်းမနဲ့ ပြဿနာတွေ ဖြစ်နေတုန်းကလည်း ကျော်လင်းက နယ်တွေမှာ အောက်ဒိုးတွေ ထွက်ရေးနေတုန်း၊ အောင်ဂင်းစိုးကလည်း သူနှင့် သေချာမဆုံဖြစ်ခဲ့...။ ထိုစဉ်တုန်းက ကျော်မြတစ်ယောက်သာ သူ့ပြဿနာ အလုံးစုံနီးပါးကို ပါဂင်ပက်သက်ခဲ့သည်ပဲ မဟုတ်လား...။

သူတို့ ၄ယောက်က ခင်တာတော့ သာမာန် သူငယ်ချင်းတွေထက် ပိုပါသည်...။ ဒါတော့ သေချာပါသည်...။ တစ်ယောက်နှင့်တစ်ယောက် ဘယ်လောက်ပဲ အနေဝေးဝေး မိန်းကလေးတွေလို ဖွဲ့နွဲ့မပြောကြသည်ကလွဲလျှင် အားလုံး အမြဲရင်ထဲမှာ ခိုင်မာသော ခင်မင်မှုနှင့် သံယောဇဉ် ရှိကြတာကတော့ သေချာပါသည်...။

"ကဲ... ဟေ့ကောင်... နေရောင်.... လုပ်လေကွာ... မင်းပဲအရှိန်လေး တင်မယ်ဆို.... ချလေ...."

ဟု အောင်ဂင်းစိုးက ပြောလာသည်တွင် သူလည်း တစ်ဂက်လောက်ကျန်သော ခွက်ကို တစ်ရှိန်ထိုး မော့လိုက်သည်...။

"လုပ်ပါဦး... နေရောင်... မင်း.. လွန်ခဲ့တဲ့ ၇နှစ်လောက်ကနေ ခုချိန်ထိ ဖြစ်ခဲ့တာတွေ တစ်လုံးမကျန် ငါတို့ကို ရှင်းပြပါဦး.... နောက်.... ငါတို့ ၂ယောက်နဲ့ အဆက်သွယ် ပြတ်သွားရတဲ့ အကြောင်းရင်းလေး..."

ဟု ကျော်လင်းက ပြောလာသည်တွင်...

"အင်း.... မင်းတို့ ၂ယောက်နဲ့က တမင်အဆက်သွယ်ပြတ်တာ ဖြတ်ထားတာ မဟုတ်ပါဘူးကွာ.... ငါ... မင်းတို့အကြောင်းကို ကျော်မြနဲ့ အဆက်သွယ်ရတိုင်း အမြဲမေးပါတယ်.... ဒီမှာ ဒီကောင်ရှေ့မှာ ဝုတ်တုတ်ကြီး.... မင်းတို့မေးကြည့်ပါ.... အဲ... အဆက်သွယ် မလုပ်ဖြစ်တာကတော့ ငါက ဟိုသွားလိုက် ဒီသွားလိုက်နဲ့ကွာ.... ပြီးတော့ အလုပ်က မပင်ပန်းပေမဲ့ ခေါင်းစားတော့ လူက ဘာမှကို မလုပ်နိုင်အောင်ကို ဖြစ်နေတာ.... ငါ... ဟန်နီနဲ့တောင် တစ်ပတ်မှ တစ်ရက်လောက်ပဲ ဖုန်းမနည်းဆက်ရတာ...."

ဟု ရှည်လျားစွာ ရှင်းပြလိုက်မှ ၂ယောက်သား အနည်းငယ် ကျေနပ်သွားဟန်ဖြင့် ခေါင်းညိတ်နေလေသည်...။

"လွန်ခဲ့တဲ့ ၇နှစ်က ကိစ္စကို ရှင်းပြရမယ် ဆိုရင်တော့ ငါ ဒီစည်လောက်နဲ့ ရမှာမဟုတ်ဘူး.... အပြင်းကစ်မှ ရလိမ့်မယ်... မင်းတို့က နားထောင်ချင်တယ် ဆိုတော့ ငါ့ကိုဂိုင်းကူကြပေါ့.... မကောင်းဘူးလား...."

"ဟာ.... ဟေ့ကောင်တွေ.... မင်းတို့ ကွဲပြဲနေဦးမယ်နော်.... ငါ.. မင်းတို့ကို ထမ်းမပို့နိုင်ဘူးနော်...."

ဟု ကျော်မြက အလန့်တကြား ထပြောလာရာ...

"စိတ်ချပါ.... ယောက်ဖရာ.... ငါတို့ အရှိန်နဲ့နဲလေး ထပ်တင်ယုံပါ.... မင်းလည်း ချလေကွာနော်..."

ဟု သူပြောလိုက်ရာ....

"ဟာ... တော်တော်... ငါအပြင်းမသောက်နိုင်ဘူး... မင်းတို့ဘာသာ သောက်ကြ.... မူးရူးအောင်တော့ မသောက်နဲ့... ဒါပဲ...."

ဟု စိတ်မပါလက်မပါ သဘောတူညီချက် ရသဖြင့် သူလည်း ဂိတ်တာလေးကို...

"ညီလေး... ကိုယ်တို့ကို CHIVAS တစ်လုံး... ခွက်၃ခွက်... ရေသန့်တစ်ဗူး... ရေခဲတစ်ပွဲ... ပေးကွာ...."

ဟု လှမ်းမှာရင်း...

"ဒီလိုကွ.........."

-------------×------------------×--------------×---------------------

**ငါ့မှာ သုံးရာသီကို**
**တစ်ရက်စွန်းတဲ့အထိ...**
**မင်းရဲ့မိုးတိမ်တွေနဲ့ပဲ**
**သာယာနေမိတယ်...။**
**ကောင်မလေးရေ...**
**မင်းဘယ်တော့ရွာချလိုက်မှာလဲ....**
**မြေကြီးထဲက သံယောဇဉ်အမြစ်တွေ**
**အိပ်မက်နဲ့ပဲ စိုစွတ်နေရပေ့ါ...။**
**တမ်းတခြင်း ပေါင်းမြက်တွေနဲ့**
**ငါ့ရင်ဘတ် ဉယျာဉ်အပျက်ဟာ**
**အသက်ကို တစ်ဂက်ပဲရှူနေဂတာ ကြာပြီ...။**
**(ရောင်းကြည့်တတ်သူ တစ်ယောက်ရဲ့ည...။ မင်းခိုက်စိုးစန်)**

ခပ်မတ်မတ်စတိုင် ခရမ်းရင့်ရောင် ဂမ်းဆက်ဖြင့် လမ်းလျှောက်လာနေသော သူမကို ကြည့်ရသည်မှာ ဂရိ (mythology) နတ်ဘုရားများ ပုံပြင်ထဲမှ အပရိုဒိုက် (aprodite) ဟူသော အလှနတ်ဘုရားမ ကမ္ဘာပေါ်သို့ အလည်လာရောက်ပုံနှင့်တောင် တူနေလေသည်...။ ဓာတ်တိုင် ၃တိုင် အကွာသို့အရောက် သူကားထဲတွင် ထိုင်နေရာမှ တံခါးဖွင့်ထွက်ကာ ဘောင်းဘီအိတ်ထဲမှ ပီကေတစ်ခုကို ထုတ်ကာ ဂါးလိုက်ပြီး စောင့်နေလိုက်သည်...။ သူ့ကိုအမြင်မှာ တုန့်ကနဲ မဆိုစလောက် တစ်ချက်ဖြစ်သွားပြီး လွယ်ထားသော အိတ်ရဲ့ကြိုးကို တင်းတင်းဆုတ်ကိုင် လိုက်တာကို သူ သတိထားမိလိုက်သည်...။
"ဟိတ်...."
အနားသို့ သူမအရောက် သူ့ပါးစပ်မှ အသံဘယ်လို ထွက်သွားမှန်း မသိလိုက်...။ ဒါပေမဲ့ ထွက်သွားပြီ...။ သူမကတော့ ထုံးစံအတိုင်း ယောင်လို့မှ လှည့်မကြည့်...။ သူ့ကို လမ်းဘေးမှာ ပုံမှန်ရှိသော ကြော်ငြာဆိုင်းဘုတ် လောက်တောင် သဘောထား ဂရုစိုက်ပုံမရ...။ ရတယ်လေ ကိစ္စမရှိပါ...။ ဆတ်ကနဲ သူ သူမလွယ်ထားသော အိတ်ရဲ့ကိုင်းကြိုးကို နောက်မှ အသာလှမ်းဆွဲလိုက်သည်...။
"တောက်...."
ဟာ... မိန်းမတစ်ယောက် တောက်ခေါက်သံ သူတစ်သက်နှင့် တစ်ကိုယ် သေသေချာချာ မကြားဘူးပါ...။ ဒါပေမဲ့ ခုကြားဘူးရပြီ ဖြစ်သည်...။ အသံနှင့်အတူ စူးကနဲ အကြည့်နှင့်အတူ ချာကနဲ လှည့်ကြည့်လိုက်သော အကြည့်က နဂါးမလေးသာဆို သူ ချက်ချင်း ပြာဖြစ်သွားလောက်သည်...။
"ရှင် ဒါဘာလုပ်တာလဲ.... မိုက်ရိုင်းလှချေလား.... ဟင်.... မိန်းမကလေးတစ်ယောက် အိတ်ကို လမ်းပေါ်မှာ.... ဘာလဲ..... အလစ်သုတ်မလို့လား...."
စက်သေနတ် ပစ်လိုက်သလားပင်...။ အင်မတန် ချစ်စရာကောင်းသော မျက်နှာလေးနှင့်မှ မလိုက် ထွက်ကျလာသော ဂါကျများက ဒါနင့်ဆို ဒုတိယအကြိမ် နိုပ်ကွပ်ခြင်းပင်...။

"Sorry ပါကွာ.... တို့မင်းကို အဲလိုမှ လှမ်းမဆွဲလိုက်ရင် မင်းကတို့ကို သတိတောင် ထားမိလိုက်မှာ မဟုတ်လို့ပါ... အဲ.... စောစောကပြောတာ ဘာတဲ့.... အလစ်သုတ်မလို့လား... ဟုတ်လား... အင်း... အလစ်သုတ်ဖို့တော့ မဟုတ်ပါဘူး... အလုပ်သစ် လုပ်မလို့တော့ ဆိုနိုင်မလားပဲ...."

မတတ်နိုင်ပါ...။ ဒီမိန်းကလေး ဒေါသထွက်လာပုံမှာ သူ့အတွက်တော့ အင်မတန် ချစ်စရာ ကောင်းသည်ဟု သူထင်သည်...။ သူ့ကို မျက်စောင်းတစ်ချက် ဒိုင်းကနဲ ဆောင့်ထိုးရင်း သူ့စကားကို လုံးဝအဖက်မလုပ်ပဲ ထွက်သွားပြန်ပြီ ဖြစ်သည်...။ ဒီလိုတော့ သူ ဒုတိယအကြိမ် လွယ်လွယ်နှင့် အရှုံးမပေးချင်ပါ...။ သူ နောက်မှ ပြေးလိုက်သွားရင်း...

"ဟား... ဖြေးဖြေးလျှောက်ပါကွာ.... ဘာလဲ... ဟို မြို့တော်ဂန် မာရသွန်ပွဲအတွက် ကျင့်နေတာလား... ပန်းကလေးရာ..."

ပန်းကလေး...။ ဟာ... မိုက်တယ် သူ့နှုတ်မှ ဘယ်လိုဖြစ်ပြီး ခေါ်မိသွားလဲ သူမသိပါ...။ ဒါပေမဲ့ သူ သဘောကျမိသွားသည်...။ ထိုစဉ် သူမက ဆတ်ကနဲ လှမ်းနေရာမှ ရပ်သွားပြီး...

"ဒီမှာ... ကျွန်မဘာသာ.... နေးနေးမြန်မြန် ရှင့်အပူ တစ်ပြားသားမှ မပါဘူး.... နောက်ပြီး... ရှင်... ခုနကလို ကျွန်မကို မခေါ်ပါနဲ့ ပိုင်စိုးပိုင်နင်းနဲ့.... ကျွန်မက ရှင်တွေ့ဘူးတဲ့ အပေါစား မိန်းမတွေထဲက မဟုတ်ဘူး..."

ဒုတိယအကြိမ် ရင်ဘတ်ထဲ အောင့်ကနဲ ဖြစ်သွားမိသည်...။ ဒီမိန်းမနှင့် သူကတော့...

"ဘာလို့လဲ... ပန်းကလေးရာ.... တို့က မင်းနဲ့ ခင်ချင်လို့ပါ.... မင်းကလည်း အသားလွတ် မာနကြီးလှချေလား.... တို့ လမ်းဘေးကကောင် မဟုတ်ပါဘူး..."

လှမ်းနေရင်းမှ သူမခြေလှမ်းတို့ တုန့်ကနဲ ရပ်သွားရင်း သူ့ကို တည့်တည့်မတ်မတ် ကြည့်လာရင်း...

"ခင်ချင်လို့ ဟုတ်လား.... ခင်ပြီးဘာလုပ်ရမှာလဲ... ခင်ပြီးရင် ရှင်ကျွန်မကို ရည်းစားစကားပြောမယ် အဖြေတောင်းမယ်... နောက်ထပ် ချစ်လို့ပါ ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး ဟိုဟာလိုချင်တယ် ဒီဟာလိုချင်တယ် တွေလာမယ်မှတ်လား.... ကဲ...."

ဟာ... သူ့မျက်နှာ ထပ်မံပြီး ဒုတိယအကြိမ် ဖြတ်ရိုက် ခံလိုက်ရပြန်ပြီ ဒီမိန်းမတော့ကွာ.... ဒီလောက်တောင် ဖြစ်လှတာ သိကြသေးတာပေါ့...။ စိတ်ထဲမှရေရွတ်ရင်း...

"ဟာ... တို့က ခင်ရုံလေးထိပဲ တွေးထားတာ ခုချိန်ထိသိလား.... ပန်းလေးက အဲလောက်တောင် တို့နဲ့ပက်သက်ပြီး ကြိုတောင် တွေးထားတယ်ပေါ့... ဟုတ်လား...."

မတတ်နိုင်ပါ...။ မိန်းကလေး တစ်ယောက်ကို သူ ဒီလိုနည်းဖြင့် အနိုင်မယူချင်ပါ...။ ဒါပေမဲ့ ဒီမိန်းကလေးက ဒီ့ပြင် မိန်းကလေးတွေလိုမှ မဟုတ်ပဲလေ...။ မှင်အနီရောင် ရင့်ရင့်ဖြင့် ပက်လိုက်သလို မျက်နှာလေး ရဲတွတ်သွားပြီး ပါးပြင် လေးနစ်ဖက်ပေါ်ရှိ သွေးကြောစိမ်းစိမ်းလေးများ တဆတ်ဆတ် တုန်နေသည်မှာ ယခုပင် ပြတ်ထွက်သွားမည့်အလား...။

"ရှင်.... ရှင်..."

သူ့ကို လက်ညှိုးထိုးရင်း တစ်ကိုယ်လုံး တုန်ခါနေသည်မှာ ချက်ချင်း လဲကျသွားမည့် အလားပင်...။ သူ ဒီလိုတော့ မနေနိုင်ပါ...။ နောက်ရင်ထဲမှာ သနားကြင်နာခြင်းများ တလိမ့်လိမ့် တက်လာသည်မှာ သွေးကြောများ တုန်ခါလာသလိုပင်...။

"ဆောရီးနော်... ဆောရီးပါကွာ... တို့.. မင်းကို စလိုက်တာပါ... ဘယ်လိုသဘောမှ မဟုတ်ပါဘူး.... တစ်ကယ်ပါ... တစ်ကယ် တောင်းပန်ပါတယ်.... ပန်းလေးရာ.... နော်...."

သူ့ကို ဘာစကားမှ မပြောပဲ ဒေါသကြောင့်လား၊ ရှက်ခြင်းကြောင့်လား မသိ မျက်ရည်တို့ဖြင့် ဝဲနေသော မျက်ဝန်းတို့ဖြင့် စူးကနဲ ကြည့်ပြီး လှည့်ထွက် သွားတော့သည်...။ သူ ထပ်မလိုက်တော့ပဲ နေရာမှာပင် ရပ်ကျန်ခဲ့တော့သည်...။ သူထပ်မံပြီး သူမလေးကို စိတ်ဒုက္ခ မပေးချင်တော့ပါ ဒီနေ့အတွက်ပေါ့...။

"ဆိုကြပါစို့ကွာ... ငါ ၄လ ၅လလောက် အသဲသန် ကြိုးစားလိုက်တာ နောက်ဆုံး... ငါနဲ့ သူနဲ့ ချစ်သူတွေ ဖြစ်သွားကြတယ်.... ချစ်သူတွေ ဖြစ်ပြီးတော့တဲ့ နောက်မှာ ဘာသိလာလဲဆိုတော့ ဒီမိန်းမက တော်တော် အတ္တကြီးတယ်ကွ...

နောက်ပြီးတော့ သူမှန်တယ်ထင်ရင် ဘယ်သူ့မျက်နှာမှ မထောက်ဘူး... အထူးသဖြင့် သူ့အမေ အဒေါ် အဖွားတွေက အလိုလိုက်ထားတော့ သူ့အိမ်မှာ သူဗိုလ်ပဲပေါ့...”

သူ့စကားကို ခဏနားလိုက်ရင်း အရက်ကို တစ်ငုံမော့လိုက်သည်...။ ရေတောင် မသောက်ချင်တော့...။ အထူးသဖြင့် ဒီမိန်းမနှင့် ပက်သက်လျှင် အရက်ရဲ့ ပြင်းရှမှုတောင် လိုက်မမှီ...။

“အင်း.... ဆက်ပါဦး...”

ကျော်လင်းက စိတ်ဝင်စားစွာဖြင့် စကားထောက်ပေးသည်...။

“ငါတို့ ၂နှစ်လောက် ချစ်သူတွေအဖြစ် အဆင်မပြေစွာနဲ့နေပြီး လက်ထပ်လိုက်တယ်... မာမီတို့၊ ဒက်ဒီတို့ကတော့ ဘာမှ မပြောပါဘူး... တို့ငှားထားတဲ့ အိမ် ၃ လုံးထဲက တစ်လုံးကို ကြိုက်တာယူလိုက် ဆိုပြီး လက်ဖွဲ့တယ်.... အေး.... ပြဿနာက မင်္ဂလာဦးညမှာ စတက်တော့တာပဲ....”

“ဟေ.... ဘယ်လိုဖြစ်တာလဲ.... လုပ်ပါဦး....”

ဒီတစ်ခါတော့ ငြိမ်ပြီး နားထောင်နေသော အောင်ဇင်းစိုးပါ စိတ်ဝင်တစား မေးလာသည်...။

“ဟင်း....”

သူသက်ပြင်းပဲ ချလိုက်မိသလား၊ သက်ပြင်းချဖို့ပဲ ဆုံးဖြတ်လိုက်တာလား ဝေခွဲမရ...။

“မင်္ဂလာဦးညမှာ သူ့အဘွားနဲ့ သွားအိပ်တယ်ကွာ... တစ်ခါမှ ခွဲမအိပ်ဖူးဘူးတဲ့.... ကဲ....”

သူမပြောချင်ပါ...။ အထူးသဖြင့် ဒီမိန်းမနဲ့ ပတ်သတ်ပြီး သူမေ့ထားခဲ့တာ ကြာပြီဖြစ်သည်...။

“ဘာ... ဘာပြောတယ်... ဟား..ဟား... မင်းညစာ ငတ်သွားတာပေါ့.... ဒါဆို...”

ကျော်လင်းရဲ့ လှောင်ပြောင်မှုကိုတောင် သူ ပြန်ပြီး မတုန့်ပြန်ချင်တော့ပါ...။ သူချစ်ပါသည်...။ ချစ်ခဲ့ပါသည်...။ တစ်ကယ်ကို စွဲလန်းမြတ်နိုးစွာဖြင့်ကို ရိုးရိုးသားသား ချစ်ခဲ့ပါသည်...။ ဒါပေမဲ့ မယုံကြည်နိုင် လောက်အောင် အံ့သြမှုများစွာနှင့် သူ ကျရှုံးခဲ့ရပါသည်...။ အချစ်တစ်ခု သက်သက်ဖြင့် ဘဝကို တည်ဆောက်မရ ဆိုတာကိုလည်း သူ ဘဝနှင့် ရင်းပြီးမှ နားလည်ခဲ့ရပါသည်...။ ထိုမျှလောက် အတ္တကြီးသည့် ချစ်သူ၊ ဇနီးသည်မျိုးနှင့် ဆုံတွေ့ရလိမ့်မည် ဟုလည်း သူမမျှော်လင့်ခဲ့ပါ...။ အဆိုးဆုံးက သူ့ရဲ့သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိပါးလာခြင်းပင်ဖြစ်သည်...။ သူ ကိုယ့်ကိုကိုယ် ကောင်းသည်ဟု မကြွေးကြော်ခဲ့ပါ...။ အိမ်ထောင်ကျသည့် အချိန်မှစကာ သူ အရာရာကို သူမအတွက် ငဲ့ညှာထောက်ထားကာ စွန့်လွှတ်ခဲ့ပါသည်...။ ဒါပေမဲ့ သူပြန်ရခဲ့ခြင်းက သူ့နားလည်ပေးမှုများနှင့် ဆန့်ကျင်စွာ...။

“အဲဒီ့နောက်ရော သူငယ်ချင်း...”

ကျော်လင်းက စာနာစွာ မေးလာသည်...။ အောင်ဇင်းစိုးကတော့ ခေါင်းကို တဆတ်ဆတ် အသာငြိမ့်ရင်းနဲ့ နားထောင်နေသည်...။ ကျော်မြတစ်ကောင်သာ ဘာမှမပြောပဲ လက်ပိုက်ကာ သူတို့ကို ကြည့်နေလေသည်...။ သူသက်ပြင်းတစ်ချက်လေးကန်စွာချရင်း...

“အင်း... သူက ငါနဲ့ ယမင်းကို စွပ်စွဲတယ်လေ.... ယမင်းက အဲဒီချိန်မှာ ငါ့ထက်တောင် တစ်နှစ်လောက် စောပြီး အိမ်ထောင်ကျသွားတာ မဟုတ်လား... ငါရှင်းပြပါတယ် ဒီကောင်ကျော်မြရောပေါ့... ဒီကောင့်လည်း အလိုတူ အလိုပါ ဆိုပြီး စွပ်စွဲလို့ နောက်ဆုံး ဘယ်လိုမှ ညှိနှိုင်းလို့ မရတဲ့အဆုံး ငါတို့ လမ်းခွဲလိုက်ကြတယ်လေ... နောက်... ငါ ဟန်နီနဲ့ တွေ့တယ်.... ဒါပဲလေ... ဒါပဲပေါ့ကွာ...”

သောက်ထားသည့် အရက်က မများပါ...။ ဒါပေမဲ့ သူ့ခေါင်းထဲ တရိပ်ရိပ် တက်လာနေသလို သူခံစားနေရသည်...။

“ဟင်း... ဟင်း... မင်းဆီက ဘယ်လိုလျော်ကြေး တောင်းသွားသလဲ... ဘယ်လောက်တောင် တောင်းသွားသလဲပါ ထည့်ပြောလိုက်လေကွာ....”

ပထမဆုံးအကြိမ်အဖြစ် တစ်ချိန်လုံးငြိမ်နေသော ကျော်မြထံမှ စကားသံ ထွက်လာသည်...။

"ဘာ... ဘယ်လို... လျှော်ကြေးဟုတ်လား... ဘယ်လိုလျှော်ကြေးလဲ... ဟေ့ကောင် နေကြီး... ပြောစမ်းပါဦးကွ..."
အောင်ဝင်းစိုး၏ စိတ်ဝင်တစား မေးသံထွက်လာသည်...။ သူ မပြောချင်တော့ပါ...။ အကူညီတောင်းသလို ကျော်မြကို သာ လှမ်းကြည့်မိသည်...။
"ဘယ်လို လျှော်ကြေးရမှာလဲကွ... သူတို့ရဲ့ ဘိုးဘွားပိုင် ဓမ္မစေတီလမ်းက အိမ်ကြီးရယ်... သူ့အဖွားဝတ်ခဲ့တဲ့ ပတ္တမြား ဘယက်ကြီးလေကွာ... တော်တော် မျက်နှာပြောင်တိုက်တဲ့ မိန်းမကွာ... ချီး... ငါမပြောချင်ဘူး.... တော်ပြီ.. တော်ပြီ.... ဒါပဲ.... မင်းတို့လည်း ဒီအကြောင်း ထပ်မမေးနဲ့တော့...."
ကျော်မြရဲ့ ဒေါသသံနှင့်အတူ ဖြေရှင်းချက်အဆုံး အားလုံးခဏမျှ တိတ်ဆိတ်သွားကြသည်...။ ကျော်လင်းရဲ့ တိတ်ဆိတ်မှု ကိုဖြိုခွဲသော စကားသံနှင့်အတူ ခြောက်သွေ့သွားသော စကားဝိုင်းက ပြန်လည် အသက်ဝင်လာသည်...။
"ကဲ.... ဟုတ်ပါပြီ... ထားပါတော့... မင်းကရော ဘယ်နေ့ပြန်မှာလဲ.... ဘာတွေစီစဉ်ထားလဲခု.... လုပ်ပါဦး...."
"နောက်တစ်ပတ်ထဲမှာ ပြန်မယ်လေ... သူတို့လွှတ်တဲ့ နေရာကို... ဒါပေမဲ့... ဒီတစ်ခါက်တော့ ငါ အလုပ်ထွက်လိုက် တော့မယ်ကွာ..."
"ဟေ... ဘာလို့တုန်းဟ...."
သူ ကျော်လင်းကို လက်ကာပြရင်း...
"နေပါဦး... ငါ့စကားတောင် မဆုံးသေးဘူး... ငါမပြန်ခင်မှာ ဟန်နီနဲ့ လက်မှတ်ထိုးသွားမယ်... အလုပ်ထွက်မယ်... ပြန်လာမယ်.... မင်္ဂလာပွဲလုပ်မယ်.... နောက် မြန်မာပြည်မှာပဲ အခြေချမယ်... အဲလိုစိတ်ကူးထားတယ်... အဲဒါ မင်းတို့ကို ပြောရင်း သက်သေနေရာမှာ လက်မှတ်ထိုးဖို့ပါ ခုပြောတာ...."
သူ့ရှည်လျားသော စကားသံအဆုံးမှာ
"ဟာ... မိုက်တယ်.... ဂွတ်... ဒါဆို ငါတို့ တူတူပြန်ဆုံလို့ ရပြီပေါ့ကွ ချီးယားစ်...."
ဟု အောင်ဝင်းစိုးက ပြောလည်းပြော လက်ထဲမှ ဖန်ခွက်ကိုပါ မြှောက်လိုက်သည်...။
"ဟင်... နေပါဦး ဒီအရက်သမားကလည်း.... လက်မှတ်ဘယ်နေ့ ထိုးမှာလဲတောင် မသိတာ... သောက်ဖို့ပဲ...."
ကျော်လင်းရဲ့ နှိပ်ကွပ်သံနှင့်အတူ ရှုံ့မဲ့သွားသော အောင်ဝင်းစိုး မျက်နှာကို ကြည့်ရင်း သူအနည်းငယ် ပြန်လည် လန်းဆန်းလာသည်...။
"အင်း... ငါက စနေနေ့ သွားမှာဆိုတော့... ကြာသပတေးနေ့ ၁၀ နာရီမှာ ပန်းဆိုးတန်းက တရားရုံးမှာ လက်မှတ်ထိုး မယ်လေ... ဟိုမှာ ဒက်ဒီ့မိတ်ဆွေ တရားသူကြီး ဦးဇော်ရဲကို ချိန်းထားတယ်..."
သူဆက်ပြီး...
"အဲဒါ... မင်းတို့ ၉ နာရီခွဲလောက် အရောက်လာခဲ့ပေးလေ.... နော်...."
သူပြောပြီးသည်နှင့်
"ဟား... ဟား... နောက်တစ်ပွဲပေါ့..."
အောင်ဝင်းစိုးရဲ့ ဂမ်းသာအားရ အသံနှင့်အတူ ကျော်မြ၏ မျက်စောင်း လှမ်းထိုးလိုက်ပုံကို ကြည့်ကာ သူသဘောကျစွာ ရီလိုက်မိသည်...။
"ဟား.... ဟား..... ဟုတ်ပါပြီ..... ကဲ.... ချီးယားစ်...."
ဒါပဲလေ ဒါပဲပေါ့ သူဒီတစ်ခါတော့ ကံကောင်းမည်ဟု မျှော်လင့်ပါသည်...။

--------------×--------------------×----------------×----------------------

**"ဘဂ" ဆိုတာ…**
**အချစ်ရဲ့**
**လက်ပါးစေလားကွယ်…။**
**အချစ်သီဆိုရာသီချင်း**
**ချစ်သူတို့၏ရင်တွင်းသို့**
**သက်ဆင်းခိုဂင်နိုင်စေရန်၊**
**အသံမဲ့ ဂီတတစ်ခု**
**ပြုလုပ်ဖန်ဆင်းပေးတော်မူပါ**
**ဘုရားသခင်…..။**
**(အချစ်သီဆိုရာသီချင်း) မောင်လှမျိုး၊ ချင်းခြောင်းခြံ။**

သူ တိုက်အောက်မှာ ကားထိုးပြီးသည်နှင့် အောက်ထပ်မှ ဟန်နီတို့ရှိရာ အထပ် ဘဲလ်ကို တီးလိုက်သည်…။ အင်တာကွန်းမှ…
"ကိုလား… ဟန်နီခုဆင်းလာပြီ…. ခဏလေးနော်…."
ဒီမိန်းကလေးအသံ၊ သူကြားလိုက်တိုင်း အမြဲရင်ထဲမှာ ရေခဲမြစ်တစ်စင်း စီးသွားသလို ခံစားမိမြဲ…။သူ ကားရပ်ထားရာသို့ ပြန်လျှောက်သွားပြီး ဘေးနားမှာ ရပ်စောင့်နေလိုက်သည်…။ တိုက်ပုံဘေးအိတ်ထဲမှ ဖုန်းကို ထုတ်ကာ ကျော်မြန့်ပါတ်ကို နှိပ်လိုက်သည်…။ ခဏမျှ စောင့်လိုက်ရင်း…
"အေးပြော ကျော်ခန့်…."
"ယောက်ဖ မင်းသွားနေပြီလား…. ငါခု ဟန်နီတို့ တိုက်အောက် ရောက်နေပြီ… နောက် မိနစ် ၂ဂ ၂၅ မိနစ်လောက် ဆို ရောက်ပြီ…"
"………"
"အေးပါ… မကြာပါဘူး… ဟိုကောင်တွေရော ရောက်ပြီလား…. အောက်မှာပဲ ခဏစောင့်နေလိုက်နော်….. အေးအေး…. အန်ကယ့်ကိုလည်း လာပြီလို့နော်…."
သူဖုန်းချလိုက်ရင်း လှေခါးဂဆီ လှည့်အကြည့်တွင် စိမ်းလန်းနေသော ဟောဒီ့ မနက်ခင်းမှာ အရာအားလုံး လန်းဆန်းသွားသလိုပင် ပန်းရောင်ဂမ်းဆက်ဖြင့် နတ်သမီးလေးတစ်ပါးကို မျက်ဂါးထင်ထင် မြင်လိုက်ရသလိုပင်…။
"ဟား… လှလိုက်တာ… ဟန်နီရယ်… ကို့ချစ်သူ ဒီလောက်လှမှန်းကို ခုမှပဲ သေသေချာချာ သိတော့တယ်…."
သူမနေနိုင်စွာပင် ထုတ်ပြောလိုက်မိသည်…။
"တော်ပါ…. ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြန်ပြီ…. အပိုတွေ ကိုကလေ…"
မူနွဲ့စွာ ပြောလာသော ချစ်သူလေးကို သိပ်မကြာခင်အချိန်မှာ ဖြစ်လာတော့မည့် ဇနီးလေးကို သူ မြတ်နိုးစွာ ကြည့်ရင်း ကားတံခါး ဖွင့်ပေးလိုက်သည်…။

--------------×--------------------×----------------×----------------------

"ကဲ.... ချီးယားစ်ကွာ.... ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းနိုင်ကြပါစေ..."
ကျော်လင်းရဲ့ စကားသံအဆုံး လေထဲခွက်လေးခွက် ထိသံ ထွက်ပေါ်လာသည်...။ သူလည်း လက်ထဲမှ လက်ကျန်ခွက်ကို အပြီးသတ်လိုက်ရင်း....
"ကဲ.... သူငယ်ချင်းတို့ ကျေးဇူးအရမ်းတင်တယ်ကွာ... မင်းတို့အားလုံးကိုနော်.... ဒါအကြိုပွဲလို့ပဲ သဘောထားပေ့ါ.... ငါဟိုက ရှင်းစရာ လုပ်စရာလေးတွေ ပြီးလို့ပြန်လာရင် မင်္ဂလာပွဲကြမှ အကွဲသောက်ကြပေ့ါကွာ... နော်...."
သူပြောရင်း ထရပ်လိုက်သည်...။ အောင်ဂင်းစိုးက...
"ဟ... ဟ... နေပါဦးကွ.... မင်းတို့က ပြန်တော့မလို့လား.... ခုမှ နေတောင် မစောင်းသေးဘူး.... ဟင်း.. ဟင်း... နာ သိတယ်နော်... ဟင်း... ဟင်း..."
"ဟာ.... ကိုအောင်ဂင်းစိုးကြီးကလဲ.... သွား... ဘာမှန်းလဲမသိဘူး...."
နီနီရဲရဲ မျက်နှာလေးဖြင့် ဟန်နီက အရှက်သည်းစွာ ဆိုမှ....
"ဟာ... ညလေး... ချောရီး... ဟီး... ဟီး... ငါ.. နင်ရှိမှန်း သတိတောင်မရဘူး..."
ဟု တဟီးဟီးဖြင့် ရီနေလေတော့သည်...။ ကျော်မြက ထုံးစံအတိုင်း မျက်စောင်းကြီးထိုးရင်း...
"ဘယ်သတိရမလဲ အရက်သမားရဲ့... မူးနေတာကိုး.... ကြွက်တွင်းရဲ့ ရေတံလျှောက်ရဲ့...."
ဟု အားမနာတမ်း နှိပ်ကွပ်လေတော့သည်...။ အောင်ဂင်းစိုးက ဒီတစ်ခါတော့ ငြိမ်မသွားပဲ သွားဖြဲရင်းမှ...
"ဟေ့ရောင် ကျော်ကြီး.... မင်းကိုငါ ကြည့်ကြည့်နေတာသိလား.... မင်းတစ်နေ့တစ်ခြား မိန်းမကြီးနဲ့ ပိုပိုတူလာတယ်.... မင်း မိန်းမ မယူတော့ဘူးလား.... ဟီး... ဟီး...."
"ဘာကွ.... ငါ့ဘာသာ မိန်းမယူယူ မယူယူ မင်းအပူလား.... အရက်သမား.... မင်းနဲ့ဘာဆိုင်လဲ.... ငါ ဟန်နီ့ ရှေ့မှာ မို့လို့နော်.... မင်း..."
"ကဲ.... ကဲ.... တော်ကြပါတော့ကွာ... မင်းတို့နှစ်ကောင်ကလဲ သူများ မင်္ဂလာယူနေတာ.... ငါရေနဲ့ ပက်လိုက်မယ်နော်.... ဟီး..."
ကျော်လင်းက မျက်နှာပိုးမသတ်ပဲ မနေနိုင်စွာ ဂင်စပြန်လေတော့သည်...။
"ဟေ့ကောင် ကျော်လင်း... မင်း... နော်မင်း... ငါ့ကို ခွေးနဲ့နှိုင်းတယ်ပေ့ါ... မင်း..နော်..."
"ဟာ... မင်းကလဲ... ငါက ခွေးနဲ့နှိုင်းပါ့မလား... အလကားနေရင်း ခွေးသိက္ခာကျတယ်လေကွာ... ဟီး... ဟီး...."
ကျော်မြ မျက်နှာကြီး နီလာရင်းမှ...
"ဘာ.... ဘာကွ.... ဘာပြောတယ်... ကျော်လင်း... ငဖောင်ရိုး... ပဲလင်းမြွေမသား... မင်းသေဖို့သာပြင်..."
ဟု ပြောရင်းမှ ထလိုက်တော့မည့် ပုံပြင်သဖြင့် သူလည်း မနေနိုင်တော့ပဲ...
"ကဲ... တော်ကြစမ်းပါကွာ... မင်းတို့ကလည်း... ကလေးလေးတွေ ကျနေတာပဲ... ဟိုမှာ ဟန်နီတောင် ရီနေပြီ..."
"မင်းယောက်ဖ ၂ကောင်ကို ကြည့်ပြောထား... ငါ တင်းလာပြီ... တွေ့မယ်.... ဒီကောင်တွေ...."
ဟု မကျေမချမ်း ပွစိပွစိ ရေရွတ်ပြီး ပြန်ထိုင်သွားတော့သည်...။ သူလည်း ရီနေမိရင်းမှ...
"အေးပါကွာ... အေးပါ... ငါပြောပါမယ်...."
ဟု နှစ်သိမ့်လိုက်ရသည်...။ ဒီသူငယ်ချင်းတွေကတော့ တစ်ကယ်ပါပဲ...။ ဟို ၂ကောင်ကလည်း ကျော်မြဆို အမြဲစချင်၊ နောက်ချင်၊ ဒီကောင်ကလည်း မခံနိုင်နှင့်...။
"ကဲ... ဒါဆို ငါတို့ပြန်လိုက်မယ်.... နောက် တစ်လ မင်းတို့နဲ့ ပြန်ဆုံမယ်... ကျေးဇူးအထူးပါ သူငယ်ချင်းတို့...."
ဟု နှုတ်ဆက်ရင်းမှ သူလည်း ဟန်နီ့လက်လေးကို ဆွဲပြီး ထွက်လာခဲ့လိုက်သည်...။ ကားပေါ်အရောက်တွင်...
"ကို့ သူငယ်ချင်းတွေက အရမ်းရီရတယ်နော်... ပျော်စရာကြီး..."

ဟု ပြောလာသော ချစ်ဇနီး အသစ်စက်စက်လေးကို သူပြုံးကြည့်ရင်းမှ...
"အင်း... ဟုတ်တယ်.... ဒီကောင်တွေက ဒီလိုပဲ ဟိုကောင် ကျော်လင်းက မျက်နှာရှူးလေ... ကျော်မြနဲ့ အမြဲ တကျက်ကျက်ပဲ ပြီးတော့လည်း ဘာမှမဟုတ်ဘူး..."
သူ ကားကို မီးနီတွင် ဘရိတ်နင်းလိုက်ရင်းမှ...
"ဟန်နီ... ကြီးမေရော အိမ်မှာလား...."
"ဟင့်အင်း...ကို... ကြီးမေ သူ့သူငယ်ချင်း တစ်ယောက်အိမ် ထွက်သွားတယ်...ညမှပြန်ရောက်မယ်လို့ ပြောသွားတယ်..."
သူ မျက်နှာ မချိုမချဉ် ဖြစ်သွားရင်း...
"ဟာ... ကြီးမေက တစ်ကယ် အလိုက်သိတယ်ကွာ.... ချစ်စရာ ကောင်းလိုက်တာ...."
"ဘာလဲ.... ဘာအလိုက်သိတာလဲ... ကိုနော်...."
ဟု ပြောလာရင်း သူ့လက်မောင်းကို လှမ်းဆိတ်လေသည်...။
"ဟာ.... ကားမောင်းနေတာနော် ကောင်မလေး.... အလားလား..."
ဟု သူပြောလိုက်ရာ...
"ဟွန်း.... ဘာလဲ.... မသိဘူးများ ထင်နေလား.... ဒါကြောင့် ကိုအောင်ဂင်းစိုးကြီးက ပြောတာနေမှာ...."
စူပုပ်စွာ ပြောလာသော ကောင်မလေးကို သူချစ်မဝစွာ ငေးကြည့်ရင်း...
"ဘာလဲ... ဘာပြောတာလဲ မသိဘူး.... ဟန်နီ...."
ဟု မသိချင်ယောင်ဆောင်ပြီး မေးလိုက်ရာ...
"သွား... သွားမသိဘူး.... ဟွန့်...."

လူ့ဘဝတွင် တစ်ကြိမ်၊ ဒါမှမဟုတ် ၂ကြိမ် လောက် ကံကောင်းတတ်သည်ဟု ဆိုပါလျှင် သူယခုအကြိမ်ကို တစ်ကယ်ကံကောင်းသည်ဟု ယူဆလိုက်ပါသည်...။ လောကကြီးက ဒီတစ်ကြိမ်တော့ သူ့ကို ကံကောင်းခွင့် ပေးမည်ဟုလည်း သူ မှတ်ယူလိုက်ပါသည်...။ လွဲချော်မှုတွေကို သူ ပင်ပန်းလှခဲ့ပြီ ဖြစ်သည်...။ ဟန်နီတို့ တိုက်အရောက် ကားကို ပါကင်ထိုးခဲ့လိုက်ပြီး သူလည်း အပေါ်သို့ လိုက်တက်ခဲ့လိုက်သည်...။
"ကို..ရော့.... ရေသောက်ဦးနော်.... ဟန်နီ ရေချိုးလိုက်ဦးမယ်... ငြိမ်းစီစီကြီး...."

သူ့ကို ရေတစ်ခွက် ခပ်ပေးပြီး အနောက်ကို ဂင်သွားသော ဟန်နီ့ နောက်ကျောကို ကြည့်ရင်း သူ ငေးကြည့်နေမိသည်...။ သေးကျဉ်သောခါး၊ ပြည့်တင်းလုံးဂန်းသော တင်၊ အောက်ဖက်တွင် ပါးပြင်းရိပ် ထနေသော ပေါင်တံများနှင့် လိုလေးသေးမရှိ လှလွန်းနေသော ဇနီးချောလေးကို ကြည့်နေရင်းမှ တစ်စုံတစ်ခုက ဆွဲဆောင်ခံရသူလို သူအနောက်ကို ထလိုက် သွားလိုက်မိသည်...။ ဟန်နီတို့အိမ်မှ ရေချိုးခန်းက သာမာန် တိုက်ခန်းတွေနဲ့မတူ စိတ်တိုင်းကျ ပြန်လည်ပြုပြင်ထားသဖြင့် ရေချိုးကန် အသေးစားလေးတစ်ခု၊ နောက်ရေပန်းတို့ဖြင့် အတော်လေး ကျယ်ဂန်းလေသည်...။ အိမ်သာကို သီးသန့် ခွဲထုတ်ထားသဖြင့်လည်း ဖြစ်နိုင်သည်...။ သူအပေါ်မှ အဂတ်များကို ဘယ်လို ချွတ်ပစ်လိုက်မှန်းမသိ၊ ရေချိုးခန်း တံခါးအဂကို လက်ဖြင့် အသာတွန်းလိုက်ရာ ဟာသွားသည်...။ သူလည်း အထဲဂင်လိုက်ပြီး ကြည့်လိုက်ရာ တံတွေးတောင် နင်သွားသလို ဖြစ်သွားရသည်...။ ကြည့်ဦးလေ သူ့မလေး လုပ်နေပုံက မတ်တပ်ရပ်လိုက်လျှင် ဒူးဆစ်လောက်ရှိမည့် ရေချိုးကန်လေးထဲသို့ ကုန်းကာ အမွှေးဆပ်ပြာ ထည့်နေပုံမှာ လုံးဂန်းတစ်ရစ်နေသော တင်သားနှစ်ခု၏ ကြားထဲမှာ သဖန်းသီးမှဲ့ရောင်လေးက ဟတတလေး ဖြစ်နေသည်မှာ သူ့ညီလေးကိုတောင် ချက်ခြင်း ဆတ်ကနဲ မတ်လာစေသည်...။ သူအသာလေး နောက်သို့ခြေသံမကြားအောင် လျှောက်သွားပြီး ညီလေးကို အသာလေး ကြားလေးထဲ ထောက်လိုက်မိသည် အထိကို ဖြစ်သွားစေသည်...။
"အို... အမေ့.... ကိုကလဲ လန့်သွားတာပဲ....."

ဟု မျက်လုံးလေး ပြူးကာပြောလာပုံလေးမှာ အရာရာအားလုံးကို မေ့လျော့သွားစေလေသည်…။ သူနှုတ်ခမ်းနီ မပျက်သေးသော နီနီရဲရဲ နှုတ်ခမ်းလေးကို အသာလေးငုံပြီး စုပ်လိုက်သည်…။ နောက်လက်တစ်ဖက်ကလည်း ဂင်းမွတ်နေသော နို့လေးတစ်လုံးပေါ် ဆုပ်နယ်လိုက်ရင်း၊ လက်တစ်ဖက်က တင်သားလုံးလုံးလေးပေါ် အသာလေး ပွတ်သပ်ရင်း အကွဲကြောင်းလေး ကြားအတိုင်း စုန်ချီဆန်ချီ ပွတ်ပေးနေလိုက်သည်…။ မြန်ဆန်လာသော အသက်ရှူသံများနှင့်အတူ သူ နမ်းနေရာမှ ခွာလိုက်ပြီး၊ ဘောင်ပေါ်ကို ထိုင်ခိုင်းလိုက်ပြီး ပေါင်နှစ်ချောင်းကို ဆွဲကားလိုက်ရင်း လှပစွာ ခပ်ရိပ်ရိပ်လေး ပေါက်နေသော အမွှေးစုစုလေးအောက်မှ အနီရောင် စမ်းချောင်းလေးအတိုင်း လျှာကို အပြားလိုက် လျက်တင်လိုက်သည်…။

"အ.. အာ…. ရှီး…. ကို.. ချွေးတွေနဲ့ မရွံဘူးလားကွာ… ရေဆေးလိုက်မယ်လေ…. နော်…"

သူစကားမပြန်နိုင်ပါ…။ ခေါင်းသာ ခါပြလိုက်ရင်း လျှာကို ချွန်လိုက်ပြီး တွင်းဂလေးထဲသို့ ထိုးပြီးမွှေလိုက်သည်…။

"အား…. အ…. သေပါပြီ ကိုရယ်…. ရှီး…. အ… အ…."

သူ့ဆံပင်များကို လက်နှစ်ဖက်နှင့် တင်းတင်းကိုင်ကာ ညည်းညူနေသံက သူ့ကို အားပေးနေသလိုပင်…။ သူအဆက်မပြတ် အကြင်နာတွေ ပေးနေရင်းမှ၊ ခံစားမှုပေါင်းစုံတို့ စုဝေးရာ ထိပ်ဖူးလေးကို ငုံပြီး ခပ်ပြင်းပြင်း စုတ်လိုက်ရာ…

"အား… အ.. အ… ဘယ်လိုလုပ်လိုက်တာလဲ ကိုရယ်… ပြီး… ပြီး… ပြီ… အ… ရှီး… အ…"

သူ့ခေါင်းကို ပိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လာမှုနှင့်အတူ သူမလေး အထွဋ်ထိပ်သို့ ရောက်ရှိသွားလေသည်…။ သူလည်း ထလိုက်ပြီး ပါးစပ်မှ ပေနေသည်များကို လက်ခုံနှင့်သုတ်လိုက်ရင်း…

"ကောင်းလား ဟန်နီ…."

"အိုး…. တအားပဲ…. အသက်ရှူတောင်မှားတယ်…."

ဟု သူ့ပါးစပ်ကို မျက်နှာသုတ် ပုဝါလေးနှင့် သုတ်ပေးလိုက်ပြီး…

"ဒီတစ်ခါ ဟန်နီအလှည့်နော်… ကိုမငြင်းနဲ့နော်…"

ဟု ပြောရင်း ဒူးထောက်ထိုင်ချလိုက်ပြီး၊ သူ့ညီလေးကို ပါးစပ်လေးဟကာ အသာလေး လျှာလေးပေါ်တင်ပြီး ပါးလေးများ ခွက်ကာ စုပ်ယူလိုက်လေသည်…။

သူချက်ခြင်းပဲ ဂဇ်လည်ခြင်း ဆိုတာကို လက်ခံလိုက်ရသည်…။ မျက်နှာလေး နီရဲလာအောင် သူ့ညီလေးကို စုပ်ယူရင်း လျှာလေးနှင့် ဆီးထွက်ပေါက်လေးကို ထိုးကစား လိုက်ချိန်မှာတော့ သူ့ပေါင်ကြောများ ပင်နဆလင် ၅ သိန်းအား အထိုးခံလိုက်ရသလို (ကျွန်တော်တော့ အထိုးမခံဘူးဖူးနော်၊ အဲလိုပဲလို့ ကြားဖူးတာဆရာတို့ ဟီး…၊ ကြိုကာထားတာ၊ တော်ကြာ ဟိုလူကြီး ကိုကြပ်က ယုံရတာမဟုတ်ဘူး၊ လာမေးနေမှာစိုးလို့… ဟီး…) တောင့်တင်းကာ အကြောများ တဆတ်ဆတ် တုန်သွားရတော့သည်…။ လျှာလေးနဲ့ သူ့ကို နှိပ်စက်နေရင်းမှ လက်လေးတစ်ဖက်က အောက်မှ ဥကို ပွတ်သပ်နေရာ သူဘယ်လိုမှ မခံနိုင်တော့ပဲ အသစ်စက်စက် ဇနီးလေး ပါးစပ်ထဲသို့ ပန်းထွက် ကုန်တော့သည်…။

"အားလား… ကောင်းလိုက်တာ မိန်းမရယ်… တစ်ကိုယ်လုံး အကြောတွေ ဆွဲဖြတ် လိုက်သလိုပါပဲလား…."

သူ ပြောရင်းပခုံးလေးကို ဆွဲထူရင်း ရေပန်းကို ဖွင့်လိုက်သည်…။ တစ်ဘက်လေးကို ရေဆွတ်ပြီး နှုတ်ခမ်းလေးမှ ပေကျံနေသည်များကို တစ်လှည့် ပြန်သုတ်ပေးလိုက်သည်…။ နောက်နှုတ်ခမ်းလေးကို ဆွဲငုံလိုက်ရင်း ပေါင်ကြားလေးမှ အကွဲကြောင်းလေးကို စမ်းကြည့်လိုက်ရာ ချွဲတဲတဲလေးနှင့် အဂလေးကို စမ်းမိသည်နှင့် သူမလေး လိုချင်နေပြီဆိုတာ သိလိုက်သည်…။ အသာလေး ပွတ်ပေးပြီး နို့လေး တစ်ဖက်ကို အားနှင့်ငုံကာ စုပ်လိုက်ရာ…

"အာ… အ.. ကို… ကို… ဟင်း…. ဘယ်လို စို့နေတာလဲကွာ….. ရင်ထဲက အသဲတွေ… နလုံးတွေ…. ပြုတ်ထွက်ကုန်တော့မယ်…."

နား နားကပ်ကာ တိုးညှင်းစွာ ပြောလာရာ စောစောက ခဏမျှ ပင်ပန်းသွားသော ညီတော်မောင်က တဖြေးဖြေး ပြန်မတ်လာတော့သည်...။ သူ နို့လေးကို စို့နေရာမှ ရပ်လိုက်ပြီး အသာလေး ဆွဲလှည့်ကာ ပေါင်လေး တစ်ချောင်းကို ရေကန်လေးဘောင်ပေါ် ထောက်ခိုင်းလိုက်ပြီး လက်လေးနှစ်ဘက်ကို ရေချိုးခန်း နံရံတွင် ထောက်စေလိုက်သည်...။ ထို့နောက် တဖြစ်ဖြစ်ဖြင့် တောင့်တင်းလာသော ညီတော်မောင်ကို စိုစွတ်နေသာ ဂုတ်ရည်တွင်းလေး အဝတွင် တေ့လိုက်ပြီး အသာလေး ထိုးသွင်းလိုက်ရာ စိုစွတ်နေသာ အရှိန်ဖြင့် စီးပိုင်စွာ တစ်ဂက်ခန့် ဝင်သွားလေသည်...။

"အား လား.... ဟင်း.. ဟင်း... ကောင်းတယ်ကို... အ... ဆက်သွင်းပါ... အ..."

သူလည်း အသာလေး အသွင်းထုတ်လုပ်ရင်း တဖြေးဖြေး ချော့သွင်းရာ တနဲ့နဲ့ဖြင့် အဆုံးတိုင် ဆီးခုံနှင့် ကပ်မိသွားလေတော့သည်...။ မဆောင့်သေးပဲ စိမ်ထားရင်းမှ အသာလေး ကပ်မွှေပေးလိုက်ရာ...

"ကို ရေ.... ကို... အ... အ... ထိတယ်.... ထိတယ်ကွာ.... ဟင့်... ဟင့်... အ.... ရှီး...."

ခေါင်းလေးကို မော့လာကာ ညည်းညူနေတာ ကြည့်ရင်း...

*စွိ..... စွပ်..... ဖတ်.... ဖတ်..... ပြွတ်.... ပြွတ်.... စွိ.... စွိ....*

တဖြေးဖြေး ရွှဲလာသော အချစ်ရည်လေးများကြောင့် သူဂျိုင်းအောက်မှ နို့လေး နှစ်လုံးကိုကိုင်ကာ ဆောင့်လေတော့သည်...။

*ဖန်း... ဖန်း.... ဖတ်.... ဖတ်..... စွိ.... ပြွတ်....*

သူ့ဆောင့်ချက်များနဲ့အညီ ဆံပင်လေးများ ဝဲကနဲ ဖြစ်သွားပုံလေးကိုကြည့်ရင်း သူအရှိန်ကို မြှင့်လိုက်လေသည်...။

*ဖောင်း.... ဖောင်း.....*

"အား... အ.... ကိုရေ.... အင်း.... ဟင်း.. ဟင်း... ဆောင့်ပါ... ဆောင့်.... နာ.. နာလေးဆောင့်... အင်း... ဟုတ်တယ်... အာယား....."

တတွတ်တွတ် ရေရွတ်သံများက သူ့ကို ပိုတက်ကြွစေသလိုပင် သူအရှိန်ချဖို့ကို လုံးဂစိတ်မကူးပါ...။

*ဖောင်း... ဖောင်း.... ဖန်း.... ဖန်း.... ပြွတ်.... ပြိ....*

"အား.... အား.... ဟုတ်တယ်..... အီး.... အာလား... ဆောင့်.... ပေးပါ.... ဆောင့်.... ကွဲချင်ကွဲပစေကို...."

သူလည်း ချွေးတွေဖြင့် ရွှဲနေပြီ ဖြစ်သည်...။ ဒါပေမဲ့ ပြဿနာမရှိပါ...။ မျက်နှာမှလည်း ချွေးစက်တို့ စီးကျလာနေသော်လည်း သူ ဂရုမစိုက်နိုင်ပါ...။ ခါးလေးကို လက်နှစ်ဖက်ဖြင့် ပြောင်းကိုင်ပြီး တရကြမ်း ဆောင့်တော့သည်...။

"ရှီ... စွိ... ဖြောင်း... ဖြောင်း... ဖုန်း... ဖုန်း... ဖတ်... ဖတ်...."

"အင်း... ဟင်း.... ဟင်း.... အင်း... အင့်... အင့်... အိ...."

သူ လီးတစ်ချောင်းလုံး အဖုတ်လေးထဲမှ ဆွဲညှစ်မှုကို အန်တုကာ အသားကုန် ဆောင့်တော့သည်...။ သူမလေးကလည်း အော်ဟစ်ညည်းညူသံများအစား အံ့ကိုကြိတ်ကာ တင်းတင်းရင်ဆိုင်နေပုံ ရလေသည်...။

"ကို.... ကို.... အား... အား... အ.. အ.. ပြီးပြီ... အ... ထွက်... ထွက်.... ကုန်....ပြီ..."

သူမလေး ပြီးသွားသည်ကို သိသည်နှင့် တစ်ပြိုင်နက် သူလည်း ဆက်တိုက်ဆောင့်ချကာ စိတ်ကို လျှော့ပေးလိုက်တော့ရာ သူလည်း ခရီးဆုံးရောက်သွားတော့သည်...။ ခုနက အကြောများပြတ်သလို ဆိုပါလျှင် ယခု တစ်ကိုယ်လုံးကို မြစ်တစ်စင်း ဟိုဘက်ကမ်း ဒီဘက်ကမ်း မနားတမ်း ကူးလိုက်ရသလိုပင်...။

-------------×-------------------×---------------×---------------------

"David I think you need to put one more M.C.B here and two fuses for D.B and I want you to finished by tomorrow ok!"
"Mr.Nay your phone! It's say urgent matter, from your friend…"
သူ ပြန်လာပြီး ၂ပတ်ထဲ ရှိနေပြီဖြစ်သည်...။ ယခုလည်း ဆိုက်တစ်ခု ပရောဂျက်အတွက် သူ့လက်ထောက် Supervisor ဒေးဗစ်ကို လိုအပ်တာများ မှာနေစဉ် ဆိုက်ထဲမှ တာဝန်ခံ "စလုံး"မလေးမှ ယာယီရုံးခန်းအတွင်း ထားခဲ့သော သူ့ဖုန်းလာနေကြောင်း လာပြောနေခြင်းဖြစ်သည်...။
"ok! I'll be coming Jenny thank you…"
"David! Make sure you finish this by tomorrow ok! If you don't finished, you will be sitting on the fire and tell those workers, after they finished the work, do housekeeping and put the tools and equipments back in proper place…"
သူမှာစရာရှိသည်များ မှာပြီး ရုံးခန်းရှိရာသို့ ဆင်းလာခဲ့လိုက်သည်...။
"ဟဲလို... ဟုတ်ကဲ့... ပြောပါ နေရောင်ကျော်ခန့် ပြောနေပါတယ်..."
"ကျော်ခန့် ငါ... ကျော်မြ... သူငယ်ချင်း မင်းအလုပ်ရှုတ်နေလား..."
ကျော်မြ ဒီကောင် ဘယ်တုန်းကမှ အခုလို သူ့ဆီ တကူးတက ဖုန်းမဆက်ဖူးဘူး...။ ပြောစရာ မှာစရာရှိလည်း မေးလ်သာ ပို့ပေးလိုက်စမြဲ...။
"ယောက်ဖပြော.... ထူးထူးဆန်းဆန်း... ဘာလဲကွ..."
"မင်း စိတ်ခိုင်ခိုင်ထားနော်... သူငယ်ချင်း.... ဟန်နီ ကားခြင်းတိုက်မှုဖြစ်လို့ ခုဆေးရုံရောက်နေတယ်.... ခုတော့ ဘာမှ မစိုးရိမ်ရတော့ဘူးလို့ ဆရာဝန်တွေကပြောတယ်.... ကြီးမေရော ငါရော အနားမှာရှိတယ် သိလား... သူငယ်ချင်း.... အဲဒါ မင်းကို လှမ်းပြောတာ...."
သူ့ခေါင်းထဲ မိုက်ကနဲ ရင်တစ်ခုလုံး မီးပုံထဲ ပစ်ချလိုက်သလိုပင်၊ ခုပဲ ဟိုကောင် ဒေးဗစ်ဆိုတဲ့ကောင် အသုံးမကျလို့ စိတ်ထဲမှာ မပါပေမဲ့ ပြောခဲ့ရတာ ခု သူချက်ခြင်း မီးပုံပေါ် လက်ငင်း တက်ထိုင် လိုက်ရသလိုပင်...။
"ယောက်ဖ.... သူငယ်ချင်း... ငါ့ကိုသေချာပြောစမ်းပါ... ငါ ရင်တွေပူနေပြီ.... ဘယ်လိုဖြစ်တာလဲ... ဘယ်တုန်းကလဲ.... ဘယ်မှာလဲ.... သူငယ်ချင်း... ခုဘယ်ဆေးရုံမှာလဲ...."
သူစိုးရိမ်စိတ်များ ရေဆူမှတ် ဂိတ်ဆုံးရောက်သွားသလိုပင် တစ်ကိုယ်လုံး ပူစပ်ပူလောင်ဖြစ်ကာ ထိုင်ရမလို ထရမလို အခုပဲ အတောင်ရှိရင် သူချက်ခြင်း ပျံသွားမိမှာ အသေချာပင်...။
"ဖြစ်တာကတော့ မနေ့က ညနေကပဲ... ဖြစ်ဖြစ်ခြင်း ငါ့ကိုကြီးမေ လှမ်းဖုန်းဆက်လို့ ငါချက်ခြင်း ထလိုက်သွားတယ်.... ယာဉ်ထိန်းတွေက ဟန်နီ ဖုန်းထဲက နံပါတ်တွေ တစ်ခုပြီးတစ်ခု လိုက်ဆက်တာတဲ့... နောက်ဆုံး အိမ်ဖုန်းကိုရပြီး.... ကြီးမေနဲ့ အဆက်သွယ် ရသွားတယ်.... အဲဒါကြီးမေက ငါ့ကို လှမ်းဖုန်းဆက်ခေါ်လို့...."
"ခုရော.... ခု ဘယ်လိုနေသေးလဲ.... ဘာဖြစ်သွားသေးလဲ.... ယောက်ဖ မြန်မြန်ပြောကွာ.... ငါ ဘယ်လိုမှ နေလို့မရတော့ဘူး..."
ကျော်မြ စကားတောင် မဆုံးသေး သူ အငမ်းမရ မေးမိသည်...။
"ကျော်ခန့် စိတ်ငြိမ်ငြိမ် ထားစမ်းပါ... ခု ဘာမှမဖြစ်ဘူး ဖြစ်ကာစက ဟန်နီ သတိမေ့နေတယ်လို့ ပြောတယ်.... ခုတော့ ဆေးရှိန်နဲ့ အိပ်နေတယ်.... မစိုးရိမ်ရဘူး ခုငါတို့ ဆရာဝန်တွေနဲ့ တိုင်ပင်ပြီး ဟန်နီတို့အိမ်နဲ့ ပိုနီးတဲ့ ပန်းလှိုင် အထူးကု ဆေးရုံကို ပြောင်းထားလိုက်တယ်... စိတ်မပူနဲ့ သူငယ်ချင်း... ငါရော ကြီးမေရော ဟန်နီ့နားမှာ ရှိတယ်နော်.... ဟိုကောင်တွေလည်း တော်ကြာနေ လာတော့မှာ... ထူးရင် ထပ်ပြီး လှမ်းဖုန်းဆက်လိုက်မယ်... နော်...."
"ကျော်မြ... သူငယ်ချင်း.... မင်း.. မင်း... ငါ့ကို မလိမ်ပါဘူးနော်.... ဟန်နီ ဘာမှမဖြစ်ဘူးနော်.... သေချာတယ်နော်...."

သူဘယ်လိုမှ စိတ်မအေးနိုင်ပါ…။ ဖြစ်မှဖြစ်ရလေ ဟန်နီရယ်…။ ဟန်နီသာ တစ်ခုခုဖြစ် သွားခဲ့သော် သူ ဆက်မတွေး ရဲတော့ သူဖုန်းကို လက်ထဲမှာ တင်းတင်းဆုပ်ကိုင်ထားသည်မှာ ကျော်မြအသံကြားမှ သတိပြန်ဝင်လာသည်…။
"သူငယ်ချင်း… ကျော်ခန့် ငါမလိမ်ပါဘူး…. စိတ်အေးအေးထား ဟုတ်လား…. အားလုံးခု အေးဆေးပဲ…. ငါတို့ထပ်ပြီး လိုတာတွေ စစ်ဆေးဦးမယ်နော်….. ဟုတ်ပြီလား…. စိတ်မပူနဲ့…"
"ကျော်မြ တိုက်သွားတဲ့သူ…. သူဘာနဲ့ တိုက်တာလဲ…. အဲဒီတိုက်သွားတဲ့ သူရော ခုဘယ်မှာလဲ…."
"အင်း… ဟန်နီနဲ့ တိုက်မိတာကလည်း မိန်းကလေးတစ်ယောက် မောင်းလာတာပဲ…. အဲဒီမိန်းကလေးလည်း ခု ဆေးရုံ မှာပဲ…. သူလည်း သတိမေ့နေတယ်လို့ သိရတယ်…"
"အဲ…အဲဒီ မိန်းကလေးက ဘယ်ကလဲ…. ဘယ်အရွယ်လဲ… 'တောက်' ကားသေချာ မမောင်းတတ်ဘူးလား…. ငါကွာ…."
"အင်း… သူငယ်ချင်း…. မင်း ထပ်ပြီး စိတ်အေးအေးထားနော်… သိလား… အဲဒီမိန်းကလေးက ပန်းပွင့်သန္တာပဲ…."
ဖုန်းစကားပြောခွက်မှ ကျော်မြ၏ ရိုးရှင်းသောဂါကျာက ယခုမှ သူ့စိတ်ကို ပိုရှုတ်ထွေးသွား စေသလိုပင်…။
"ဘာ…. ဘာပြောတယ် ကျော်မြ…. ပန်းပွင့်သန္တာ ဟုတ်လား….."
"အင်း…. ဟုတ်တယ် သူငယ်ချင်း….. ပန်းပွင့်သန္တာပဲ….."
သူ့စိတ်တွေ ချောက်ထဲ ထိုးကျသွားသလိုပင်…။ ရပ်နေသော နေရာတစ်ခုလုံး ခြာခြာလည်သွားသည့် အလား…။

--------------×--------------------×----------------×----------------------

**သံယောဇဉ်အပူတွေနဲ့**
**(ငါ့ကို) နောက်သလို ပြောင်သလို**
**လာမလောင်ကျွမ်းပါနဲ့ကွယ်…။**
**အငွေ့ပျံ ပျောက်ကွယ်သွားမှာ**
**ငါ့ကိုယ်ငါ မစိုးရိမ်ပါဘူး ကောင်မလေးရဲ့…။**
**ကောင်းကင်မှာ ငွေရည်ဖွဲ့ပြီး**
**မိုးအဖြစ် ပြန်ရွာချတဲ့အခါ**
**ငါ့ကြောင့် မင်းတစ်ကိုယ်လုံး**
**စိုစွတ်မှာကိုပဲ**
**စိုးပါတယ်…။ (မင်းခိုက်စိုးစန်)**

လေဆိပ်အထွက် ကာစတမ် ကောင်တာကို ဖြတ်ပြီးသည်နှင့် သူ့ကို လာစောင့်နေသော ကျော်မြကို တွေ့လိုက်သည်…။ သူအထုပ်ဆွဲပြီး၊ ကျော်မြနှင့်အတူ ကားပါကင်သို့ လျှောက်လာခဲ့လိုက်သည်…။ ဘာစကားမှ မပြောမိ၊ ကျော်မြကလည်း ဘာမှမမေး…။ ကားနောက်ဖုံးကိုဖွင့် ပစ္စည်းများထည့်ပြီး တံခါးကိုဖွင့်ကာ ရှေ့ခန်းမှာ ဝင်ထိုင်လိုက် သည်…။
"သူငယ်ချင်း ဆေးရုံပဲနော်…."

ပထမဆုံး ဂါကျအဖြစ် ကျော်မြမေးလာသည်...။ သူ ခေါင်းသာ ငြိမ့်ပြမိသည်...။ စကားလုံးတို့ ဆွံ့အနေသည်...။ ဘာစကားမှလည်း ပြောချင်စိတ်မရှိ...။ ရင်ထဲမှာ ဖိစီးနေသော အပူတို့သာ ကြီးစိုးနေသည်...။ သူအလုပ်ကို အကျိုးကြောင်း ပြောပြီး ပုံမှန်ထက် ၂ ပတ်စောပြီး ပြန်လာခဲ့ခြင်း ဖြစ်သည်...။ ကျန်နေသေးသည်များကို အွန်လိုင်းမှ ဆက်လုပ်ပေးမည်ဟု တာဝန်ယူခဲ့သည်...။ သူ့ လူကြီးကလည်း နားလည်မှုရှိတော့ အားလုံး အဆင ပြေသွားသည်...။ တစ်ကယ်လို့ သူစိတ်ပြောင်းခဲ့မည် ဆိုပါကလည်း အချိန်မရွေး ပြန်လာနိုင်ကြောင်း ဘာကြောင်းဖြင့်လည်း ပြောလာသည်များ တစ်ခုမှ စိတ်မဝင်စားမိ...။ ကားက အင်းစိန်ဘက်သို့ ဝင်လာသည်...။

"ယောက်ဖ.... ခုအခြေနေ ဘယ်လိုရှိလဲ..."

ကျော်မြဆီမှ ချက်ခြင်း အဖြေမရ...။

"ယောက်ဖ....."

သူ စိတ်မရှည်စွာ ထပ်ခေါ်လိုက်မှ သူ့ဘက်လှည့်ကြည့်ပြီး...

"အင်း.... ကောင်းပါတယ်.... ကောင်းပါတယ်... ဟိုရောက်ရင် မင်းတွေ့ရမှာပါ..."

သူဘာမှ ဆက်မမေးချင်တော့...။ ခုပဲ ဆေးရုံသာ အမြန်ရောက်ချင်နေမိသည်...။

--------------×-------------------×---------------×---------------------

ဆေးရုံကားပါကင်မှာ ရပ်လိုက်သည်နှင့် သူဆင်းလိုက်သည်...။ ကျော်မြ တံခါးပိတ်နေသည်မှာ နှေးလွန်းသည်ဟု ထင်မိသည်...။

"လာ... သူငယ်ချင်း... ငါတို့ ဆရာဝန်ကြီးနဲ့ သွားတွေ့ရအောင်..."

"ဟ.... ဘာလို့လဲ.... ငါ ဟန်နီ့ကို သွားတွေ့မယ်လေ... အရင်... ဘာလုပ်ဖို့လဲ..."

"ခဏလေးပါ... ခဏလေး... ဟိုမှာမင်းကို ရှင်းပြချင်တာလေးတွေ မင်းသိချင်တာလေးတွေလည်း မေးလို့ရတာပေါ့... မဟုတ်ဘူးလား..."

ကျော်မြ ပြောသည်မှာ ဆီလျှော်နေသဖြင့် သူပြန်မပြောနေတော့...။ ရင်ထဲမှာတော့ သိပ်မရှင်းချင်...။ သူတို့ အောက်ထပ်မှ ဦးနှောက်နှင့် အာရုံကြော အထူးကုဆရာဝန်ကြီး ဦးထွန်းဟု နာမည်တပ်ထားသော အခန်းတွင်း ဝင်ခဲ့ကြသည်...။ သပ်ရှင်းသပ်ရပ်သော အခန်းတွင်း ဝင်လိုက်သည်နှင့် တည်ကြည်အေးချမ်းသော မျက်နှာနှင့် လူနာများ မြင်လျှင် အားကိုးချင်စရာ ဥပဓိရုပ် ပိုင်ရှင် အသက် ၆၀ ဝန်းကျင် ဆရာဝန်ကြီးကို တွေ့လိုက်ရသည်...။

(အူးထွန်း... ချိတ်မချိုးနဲ့နော်.. နော်... လို့.... ဟိ...)

"ကိုကျော်မြ... လာကြပါ.... ထိုင်ကြပါ... ဒါ ကိုနေရောင်ကျော်ခန့် ထင်တယ်...."

သူတို့ကို အပြုံးနှင့် ဆီးကြိုသော ဆရာဝန်ကြီးကို သူ ပြန်ပြုံးပြလိုက်မိသည်...။

"ဟုတ်ကဲ့... ကျနော် နေရောင်ကျော်ခန့်ပါ... ဆရာကြီး... ကျနော့်ကို ကျော်မြခေါ်သလို ကျော်ခန့်လို့ ခေါ်လို့ရပါတယ်..."

သူ ထိုင်ခုံမှာ ဝင်ထိုင်ရင်း ပြောလိုက်သည်...။

"ဟုတ်ကဲ့ ကိုကျော်ခန့် တွေ့ရတာ ဝမ်းသာပါတယ်.... ကျနော်လည်း ကိုကျော်ခန့် လူနာနဲ့ မတွေ့ခင်မှာ လိုအပ်တာလေးတွေ အသိပေးချင်လို့ ခုလို ဒီကို ခေါ်လိုက်ရတာပါ..."

မျက်မှန်ကို ချွတ်ရင်း သူ့ကို ပြုံးကြည့်ပြီး ပြောလာသည့် ဆရာဝန်ကြီးကို သူခဏအတွင်းမှာပင် ခင်မင်မိသွားသည်...။

"ဟုတ်ကဲ့ ဆရာကြီး ပြောပါ ခင်ဗျာ.... ကျနော် နားထောင်ချင်ပါတယ်.... စိတ်လည်း ဂင်စားပါတယ်.... ဒါပေမဲ့ တစ်ခု လောက်တော့ သိချင်တာ...."

သူစကား ခဏရပ်ထားပြီးမှ...

"ဟို.. လေ... ကျနော့် အမျိုးသမီး အခြေနေ မစိုးရိမ်ရဘူး မဟုတ်လား... ဆရာကြီး...."

မတတ်နိုင်ပါ...။ သူ ဟန်မဆောင်နိုင်ပါ...။ ရင်ထဲမှာ ဗလောင်ဆူနေပြီ ဖြစ်သည်...။ ဆရာဂန်ကြီးမှ ကျော်မြကို တစ်ချက် လှမ်းကြည့်ပြီး...

"ကိုနေရောင်... အဲ... ကိုကျော်ခန့် ခင်ဗျား psychology အကြောင်းတွေ ဘာတွေများ လေ့လာဖူးသလား မသိဘူး...."

သူ့ကို တည်ငြိမ်စွာ ကြည့်ရင်း မေးလာသည့် ဒေါက်တာကို ကြည့်ရင်း သူ့ရင်ထဲမှ အပူများ ဒီဂရီမြင့်တက်လာသလို ခံစား လိုက်ရသည်...။

"ဗျာ... ဘာ... ဘာဖြစ်လို့လဲဗျာ... ဆရာကြီး... ဘယ်လိုကြောင့်လဲ... ဟို... ကျနော့် အမျိုးသမီး ဘာများဖြစ်လို့လဲ ဆရာကြီး..."

အငမ်းမရ မေးလာသည့် သူ့ကို ကြင်နာသော မျက်ဂန်းများနှင့် ကြည့်ပြီး...

"ခင်ဗျား အမျိုးသမီး အခြေအနေ ကောင်းပါတယ်.... အင်း... ခင်ဗျား အမျိုးသမီးပေါ့.. ဗျာ..."

သူ နားမလည်ပါ...။ ဘယ်လိုမှ နားမလည်နိုင်ပါ...။

"ဆရာ... ကျနော့်ကို သေချာလေး ရှင်းအောင် ပြောပါလား... ဆရာရယ်.... ကျနော် ရင်တွေ ပူလာလို့ပါ...."

ဆရာဂန်ကြီးမှ ဒုတိယအကြိမ်မြောက် ကျော်မြကို ထပ်မံကြည့်လိုက်ပြီး...

"ဒီလို ကိုကျော်ခန့် စိတ်အေးအေးထားပါ.... ခင်ဗျား အမျိုးသမီး.... အင်း... ခင်ဗျား ဇနီးပေါ့ဗျာ...."

ခဏမျှ ရပ်ထားလိုက်ပြီး သူ စိတ်ဂင်တစား စိုးရိမ်စွာ နားစွင့်နေလိုက်သည်...။

"အက်ဆီးဒင့် ဖြစ်တုန်းက ခေါင်းကို နည်းနည်း ထိခိုက်သွားတယ်ဗျ.... ကျနော်တို့လည်း သေချာစစ်ဆေးပြီး ကုသထား ပါတယ်.... ဦးခေါင်းခွံရော body scan ရော... စသည်ဖြင့်ပေါ့ဗျာ.... အားလုံး all round check လုပ်ထားပါတယ်... ဒါပေမဲ့...."

ဆရာဂန်ကြီးမှ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး လက်ချောင်းလေးများက စားပွဲပေါ် တစ်ဒေါက်ဒေါက် ခေါက်ရင်း တစ်စုံ တစ်ခုကို စဉ်းစားနေဟန်ဖြင့် သူဘာစကားမှ ဂင်မမေးမိ...။

"အင်း... ကိုကျော်ခန့်.... ဒီလိုဗျ... ခု ခင်ဗျားဇနီးက ကျနော်တို့ ဆေးပညာနယ်ပယ်မှာ တစ်ခါမှ မကြုံဖူး မတွေ့ဖူးတဲ့ ကိစ္စဖြစ်နေတယ်... ကျနော်တို့က... ဒါကို ဆေးပညာနယ်ပယ်မှာ... ကြားသာကြားဖူးတာ.... ကျနော့်ဆရာဂန် လုပ်သက် အနှစ် ၃၀ ကျော် အတွင်းမှာ တစ်ခါမှ မတွေ့ဖူးဘူး...."

ဆရာဂန်ကြီးမှ ဆက်ပြီး...

"ခင်ဗျားဇနီး ခု ဖြစ်တဲ့ဟာက.... ကျနော်တို့ ဆေးပညာနဲ့ သိပ်မပက်တော့ဘူးဗျ.... ခုက စိတ်ပညာနဲ့ ဆိုင်နေတယ်.... ဒါကို စိတ်ပညာလောကမှာ mind transparent changing လို့ ပြောရမယ်.... (စကီဇိုနီဖရီးယား) လို့ ခေါ်တဲ့ စိတ်ကစဉ့် ကလျှား ဖြစ်ခြင်းထဲ ပါတာပေါ့...."

သူ ဘယ်လိုမှ နားမလည်ပါ...။ ခေါင်းတွေတောင် တစစ်စစ် ကိုက်လာသလိုပင်...။

"ဆရာကြီး... ကျေးဇူးပြုပြီး ကျနော် နားလည်အောင် ပြောပြပေးပါလား ခင်ဗျာ.... ကျနော် ဘယ်လိုမှ နားမလည်နိုင်လို့ ပါ...."

ဆရာဂန်ကြီးမှ ခေါင်းကို တဆတ်ဆတ် ငြိမ့်ရင်းမှ...

"ဒီလို ကိုကျော်ခန့်.... ခု ခင်ဗျားဇနီးက သူ့ကိုယ်သူ ဟန်နီစံ မဟုတ်ဘူး.... သူ့ကိုယ်သူ သူဟာ ပန်းပွင့်သန္တာ ပါလို့ ပြောနေတယ်...."

"ဗျာ........"

ခုနက ခေါင်းကိုက်နေရုံ ဆိုလျှင်၊ ခုဟာက သူစကားလုံးတောင် ရှာမတွေ့တော့...။ သေချာသည်က သူ ခုချိန်မှာ ရူးသွားခဲ့ရင်တောင် သက်သာမည် ထင်မိသည်...။ ကံကြမ္မာ ဆိုသည်ကို သူလက်ခံပါသည်...။ ကံတရားတစ်ခု နှင့် ပက်သက်ပြီးတော့လည်း သူဘယ်တုန်းကမှ ပျက်ရယ်မပြုခဲ့ဘူးပါ...။ ဒါပေမဲ့ ဒီတစ်ခါ ကံကြမ္မာက သူ့ကို ပျက်ရယ်ပြု လိုက်သည်မှာ အတော်လေး လွန်သွားခဲ့ပြီဟု သူထင်မိသည်...။ လက်နှစ်ဖက်ဖြင့် ခေါင်းမှ ဆံပင်များကို ထိုးဖွရင်း မျက်စိ ကို စုံမှိတ်ထားလိုက်မိသည်...။ နားထင်မှ သွေးကြောမှသွေးများ တဒိတ်ဒိတ် တိုးနေသည်ကိုလည်း သူခံစားနေမိသည်..။ ဆရာဂန်ကြီးမှလည်း နားလည်စွာဖြင့် ဘာစကားမှ ထပ်မပြောတော့ အခန်းလေး တစ်ခုလုံး ဒတင် တိတ်ဆိတ်သွား သည်...။ ကျော်မြ သိရမည်ပေါ့...။ ဒါဆို ဒီကောင်ဘာလို့ သူ့ကို မပြောတာလဲ...။ ဘယ်တုန်းက စဖြစ်တာလဲ...။ သူ့ခေါင်း ထဲ မေးခွန်းပေါင်းများစွာ အလုအယက် ပေါက်ကွဲတော့မည့် ပုံးလို ဆူပွက်နေကြသည်...။သူ စိတ်အနည်းငယ် လျော့လိုက်ပြီးမှ...

"ဒါဆို ခု ကျနော် ဟန်နီနဲ့ တွေ့လို့ရမလား.... ဆရာ...."

ဒေါက်တာက သူ့ကို ကြင်နာစွာ ကြည့်လိုက်ရင်းမှ...

"ရပါတယ်... ကိုကျော်ခန့်.... ရတာပေါ့... အဲ... တစ်ခုပဲ..."

သူ နားစွင့်နေလိုက်သည်...။ ဆရာဂန်ကြီးမှ နူတ်ခမ်းကို ကိုက်လိုက်ပြီး...

"ခင်ဗျား... ခုချိန်မှာ မေးခွန်းတွေ ဘာတွေ သိပ်မမေးစေချင်သေးဘူး.... ကျနော်တို့ သူဘာပြောမလဲ.... ဘယ်လို တုန့်ပြန်မလဲပဲ စောင့်ကြည့် စေချင်သေးတယ်...."

သူ နားလည်ပါသည်...။ လေးပင်စွာ ခေါင်းညိတ်ပြရင်း ထိုင်ခုံမှ ထရပ်လိုက်သည်...။ ဆရာဂန်ကြီး ဦးဆောင်ရာ နောက်သို့ သူတို့ လိုက်ခဲ့ကြရင်း သီးသန့်ခန်း တစ်ခုရှေ့ ရောက်တော့ တံခါးကို ဆွဲဖွင့်ပြီး ဂင်လိုက်ကြ သည်...။ အခန်းတွင်းမှ အေးစိမ့်နေသော အဲကွန်းမှ လေက သူ့ရင်ကို မအေးမြစေနိုင်ပါ...။ အခန်းတွင်း ဧည့်ခန်းနေရာမှာ ထိုင်နေသော ကြီးမေ သူ့ကို မြင်သည်နှင့်...

"သား... နေရောင်... ကြီးမေ.. သမီးလေးကို ကယ်ပါဦး သားရယ်.... ကယ်ပါဦး.... သူ.. သူ... ကြီးမေကို မသိဘူးပဲ ပြောနေတယ်... သားရယ်... ဟင့်... ဟင့်..."

ငိုယိုကာ မျက်လုံးများ မို့အစ်နေသော ကြီးမေကို သူ အသာ ပခုံးမှ ဖက်လိုက်ရင်း...

"စိတ်ချပါ... ကြီးမေ ကျနော်... အစွမ်းကုန် ကြိုးစားမှာပါ.... ခုကြီးမေလည်း ပင်ပန်းနေပြီ...။ အိမ်ပြန်ပြီး ခဏနားလိုက်ပါ လား... တစ်ခုခုဆို ကျနော် ဆက်သွယ်လိုက်မယ်လေ...နော်.... ခု ကျနော် ရောက်လာပြီပဲ... မစိုးရိမ်နဲ့နော်.... ကြီးမေ..."

ပူနေသော အပူသည်ခြင်းပေမဲ့ သူ လူကြီးတစ်ယောက် ခုလို ခံစားနေရတာကို မမြင်ရက်နိုင်ပါ...။ နောက် သူ လိမ်ညာပြီးမှ နှစ်သိမ့်ခြင်းလည်း မဟုတ်ပါ...။ သူ တစ်ကယ့်ကို ဟန်နီ့ကို ပြန်ရဖို့ ကြိုးစားမည်ဖြစ်သည်...။ သူ ကြီးမေကို ပြောပြီး အနောက်ဘက် ခုတင်ပေါ် တွင်မှီကာ ထိုင်နေသော ဟန်နီ့အနားကို အသာ လျှောက်သွားလိုက်ပြီး ခုတင်ဘေးတွင် ဂင်ထိုင်လိုက်သည်...။ ခေါင်းကို ငုံ့ကာ ထိုင်နေသဖြင့် ဆံပင်များ ဖုံးကွယ်နေသော မျက်နှာလေးကို ကြည့်ရင်း...

"ဟန်နီ... ကို ပြန်ရောက်လာပြီလေ... ဟန်နီ ဘယ်လိုနေသေးလဲ.... သက်သာရဲ့လား... ဟင်..."

သူ ညင်သာစွာ မေးလိုက်သော မေးခွန်းသံအဆုံးမှာ ကိုယ်လေး သိမ့်ကနဲ ဖြစ်သွားတာကို တွေ့လိုက်ရသည်...။ သူ အသာ ပခုံးလေးကို ခပ်ဖွဖွ ကိုင်လိုက်ပြီး...

"ဟန်နီ.... ကို... မေးနေတယ်လေ..."

ထိုတော့မှ သူ့လက်ကို အသာဖယ်ချလိုက်ပြီး ငုံ့ထားသော ခေါင်းကို မော့လာကာ မျက်ရည်များ ပြည့်နေသော မျက်ဝန်းများနှင့်...

"နေရောင်... ဆောရီးပဲနော်... တို့... ယူ့ဇနီး.. ဟန်နီမဟုတ်ဘူး.... တို့က ပန်းပွင့်သန္တာပါ...."

သူ့ကို စူးစိုက်ကြည့်ပြီး ပြောလာသည့် မိန်းကလေးကို သူ ပါးစပ်အဟောင်းသားဖြင့် ဘာပြန်ပြောရမှန်း မသိ...။

"ကျေးဇူးပြုပြီး.... တို့အိမ်ကို ဆက်သွယ်ပေးပါလား.... နေရောင်... ဟိုအဘွားကြီးကလည်း တို့ကို သမီး... သမီးနဲ့... တို့စိတ်ကျဉ်းကျပ်လို့..."

သူ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေစဉ် အနောက်ဘက်မှ အားကိုးရာ ကယ်တင်ရှင် အသံအဖြစ် ဆရာဂန်ကြီး၏ အသံကို ကြားလိုက်ရသည်...။

"ဆရာတို့ သမီး ပြောတဲ့ အိမ်ကို လှမ်းဆက်သွယ်ထားပြီးပြီ သမီး.... သမီးသာ အေးဆေးနားနေလိုက်နော်.... ဘာမှ ခေါင်းထဲ မတွေးနေနဲ့ သမီး.... နော်.... ဟုတ်လား..."

တဆက်ထဲ သူ့ကို မျက်ရိပ်ပြပြီး ခေါ်လိုက်သောကြောင့် သူ အသာထိုင်နေရာမှ ထလိုက်ပြီး ဆရာဂန်ကြီးနောက် လိုက်လာခဲ့လိုက်သည်...။ အခန်းပြင်ဘက် ကော်ရစ်တာအရောက်တွင် ဦးထွန်းမှ သူတို့ဘက်လှည့်လိုက်ပြီး...

"မြင်တဲ့အတိုင်းပဲ ကိုကျော်ခန့်... ကျနော်တို့လည်း သူပြောတဲ့အတိုင်း သူ့အိမ်ကို လှမ်းဆက်သွယ်ထားတယ်... သူတို့ ဒီနေ့ ညနေလောက် ရောက်လာလိမ့်မယ်..."

"ကျနော်... ကျနော်.... ဘာလုပ်ရမလဲ ဆရာ...."

သူ့ကို လေးနက်စွာ စိုက်ကြည့်ရင်းမှ....

"ခု ခင်ဗျားလုပ်ရမှာ ခဏလောက် စိတ်အေးအေး ထားပြီး နေဖို့ပါပဲ...."

ဆက်ပြီး..

"ခင်ဗျားလည်း ခုမှ ခရီးဝေးက ပြန်ရောက်လာတာ အိမ်ခဏပြန်ပြီး နားလိုက်ပါ.... ခင်ဗျား သိချင်တာတွေကို ခင်ဗျား သူငယ်ချင်း ကိုကျော်မြ ရှင်းပြပါလိမ့်မယ်.... ညနေ ဟိုဘက်က မိသားစုတွေ ရောက်လာမဲ့ အချိန်လောက် ပြန်လာခဲ့လိုက်ပေါ့...."

မတတ်နိုင်ပါ...။ ဆရာဂန်ကြီး ပြောသည်မှာ နည်းလမ်းကျနေသောကြောင့် သူ စိတ်မသက်သာစွာ ခေါင်းညိတ်ပြလိုက်ရင်း...

"ဟုတ်ကဲ့ ဒါဆို ညနေမှ ကျနော်တို့ ပြန်လာခဲ့လိုက်မယ် ဆရာ.... ခု ခွင့်ပြုပါဦး...."

သူ ကျော်မြကို ကြည့်လိုက်ရင်းမှ...

"သူငယ်ချင်း... မင်းကြီးမေကို သွားခေါ်လာခဲ့ကွာ.... ငါ ဒီကပဲ စောင့်နေလိုက်မယ်..."

"အေး... ငါ သွားခေါ်လိုက်မယ်...."

ပြောပြီး ထွက်သွားသော ကျော်မြ နောက်ကျောကို သူငေးကြည့်နေရင်း ရပ်ကျန်ခဲ့သည်...။

"ဟဲ... သူငယ်ချင်း... ငါ့ကို ရှင်းပြပါဦး... ဘယ်လိုတွေ ဖြစ်ကုန်တာလဲ... ငါဘာမှ နားမလည်တော့ဘူး..."

ကြီးမေကို ပို့ပြီး သူ့တိုက်ခန်း ဧည့်ခန်းဆိုဖာပေါ် မသက်သာစွာ ထိုင်ချလိုက်ပြီး သူကျော်မြကို မေးလိုက်သည်...။ ကျော်မြ ခေါင်းကို တဆတ်ဆတ် ငြိမ့်ရင်းမှ...

"မင်းဆီကို... ငါဖုန်းဆက်တဲ့ အချိန်မှာ ဟန်နီ သတိရနေပြီနော်..."

"အေးလေ... မင်းပဲ သက်သာတယ် ခုဆေးရှိန်နဲ့ အိပ်နေတယ်ဆို..."

"အေး.... ဟုတ်တယ်... သူ သတိရ လာ လာခြင်းမှာပဲ ဖုန်းဒိုင်း လုပ်တော့တာပဲ.... သူက ဟန်နီစံ မဟုတ်ဘူး.... သူက ပန်းပွင့်သန္တာပါ ဆိုပြီး လုပ်တော့တာပဲ..."
ခဏမျှ ရပ်လိုက်ပြီး ရေအနည်းငယ် သောက်လိုက်ပြီး...
"ငါလည်း... ဘာလုပ်ရမှန်း မသိဘူး.... အဲဒါ ဆရာဂန်ကြီး ဦးထွန်းတို့ ပြေးခေါ် ဆရာဂန်ကြီးက ချော့မော့နှစ်သိမ့်ပြီး ဆေးတစ်လုံး ထိုးပေးလိုက်မှ အဲဒီနေ့က ငြိမ်သွားတာ...."
သူ အနည်းငယ် စဉ်းစားလိုက်ပြီး...
"နေပါဦး... ဟို မိန်းမကရော.... သူတို့ဘက်ကရော ဘယ်လိုလဲ အခြေနေ ဘယ်လိုရှိလဲ...."
"အင်း... ဟိုမိန်းမက မစိုးရိမ်ရတော့ဘူး ပြောတယ်.... သူက ခေါင်းနည်းနည်းကွဲပြီး လက်ကျိုးသွားတယ် ပြောတယ်... သူလည်း ခုထိ သေချာ သတိမရသေးဘူးလို့တော့ သိရတယ်...."
"ခု မင်း.... သူတို့ကို ဆက်သွယ်တော့ ဘာပြောလဲ.... ဘာတဲ့လဲ...."
ဒီအချက် တော်တော် အရေးကြီးသည်...။ သူတို့ဘက်က တုံ့ပြန်မှုက အရေးပါသည်လေ...။
"အင်း... ငါ ဆရာကြီး မှာထားသလို ဘာမှတော့ သေချာမပြောလိုက်ဘူး.... ဒီဘက်က ဆရာဂန်ကြီးက တွေ့ချင်လို့ လာစေချင်တယ်.... သူတို့ ဒီညနေ လာမယ်ပြောတယ်.... ဒါပဲလေ..."
သူ ခေါင်းတွေ တော်တော် နောက်နေပြီ ဖြစ်သည်...။ အိပ်ရေးပျက်တာလည်း ၄ ရက် ၅ ရက်လောက် ရှိပြီထင်သည်...။ ဒီကိစ္စ စဖြစ်ကတည်းက သူ ကောင်းစွာမအိပ်ခဲ့ရသေး...။ ကျော်မြက သူ့ကိုကြည့်လိုက်ရင်း...
"သူငယ်ချင်း... မင်းခဏလောက် အိပ်လိုက်ပါလား... ဒါမှမဟုတ် နားလိုက်ပါလား... ငါညနေ မင်းကို လာခေါ်မယ်လေ... ငါ့ကို သော့အပိုသာ ပေးလိုက်... မင်း အိပ်ပျော်နေလည်း ငါ ဝင်ခေါ်လိုက်ပါမယ်.... ဟုတ်လား....."
သူ ဘာမှဆက်ပြီး မစဉ်းစားချင်တော့ စဉ်းလည်း မစဉ်းစားနိုင်အောင် ခေါင်းတွေလည်း ထူပူနေပြီဖြစ်သည်...။ ခေါင်းပဲ ငြိမ့်ပြလိုက်တော့သည်...။ ကျော်မြ တံခါးပိတ်ပြီး ထွက်သွားတော့ သူ ခုတင်ပေါ် အဝတ်တောင် မလဲနိုင်ပဲ ပစ်လှဲချလိုက်သည်...။ မျက်ခွံတို့ လေးလံစွာ ပိကျလာသည်ကို ခံစားလိုက်ရပြီး သူ ဘာမှမသိတော့...။
"ကျော်ခန့်... ကျော်ခန့်... သူငယ်ချင်း... ထစမ်း... သူငယ်ချင်း.... ကျော်ခန့်...."
သူ့ပခုံးကို ကိုင်ကာ အတင်းလှုပ်နှိုးနေသော ကျော်မြကြောင့် သူ အလန့်တကြား မျက်လုံးဖွင့်ကြည့်လိုက်ပြီး ထထိုင်လိုက်မိသည်...။
"ကျော်မြ.... သူငယ်ချင်း... ဘာဖြစ်လို့လဲ... ဟင်... ဘာလဲ...."
သူ အိပ်ပျော်သွားတာကိုတော့ မှတ်မိလိုက်သည်...။ အိပ်ရေးပျက်တဲ့ ညတို့များပြီလေ...။ ကျော်မြက သူ့ကို ကြည့်ပြီး...
"ကျော်ခန့်.... ငါ.. ငါလည်း... ဘာ.. ဘယ်လို ပြောရမလဲ မသိဘူး.... ၁၂ နာရီလောက်က ငါ့ဆီကို ဟိုမိန်းမဘက်က ဖုန်းဝင်လာတယ်.... ဘာပြောလဲသိလား... မင်း...."
သူ မျက်မှောင်ကြုံ့လိုက်မိရင်း....
"ဟာ... ငါဘယ်သိမလဲကွ.... ဘာလဲ... သူတို့ ဘာပြောလို့လဲ..."
ကျော်မြက အံ့သြနေသော အမူရာဖြင့်...
"ဟိုမိန်းမ သတိရနေပြီတဲ့ကွ... ပြီးတော့... ပြီးတော့...."
တုံ့နေးတုံ့နေး ဖြစ်နေသော ကျော်မြကို သူ ပခုံးကို လှမ်းကိုင်လိုက်ပြီး...
"ဟေ့ကောင်... ပြောလေကွာ.... ဘာဖြစ်နေတာလဲ...."
"အေး... ဟိုမိန်းမက သူ့ကိုယ်သူ ဟန်နီစံလို့ ပြောနေတယ်တဲ့ကွ..."
"ဘာ..............."

သူ့အသံ ကျယ်လောင်စွာ ထွက်သွားသည်...။ ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ...။ ဘာတွေလဲ...။ သူ့ခေါင်းထဲ ပြင်းထန်စွာ ပေါက်ကွဲထွက်သွားသလို၊ ကျော်မြက ဆက်ပြောနေသည်...။ သူ စိတ်တို့ မနည်းစုစည်းရင်း သတိလွတ်မသွားအောင် နားထောင်နေရသည်...။

"အဲဒါ... ငါလည်း ဘာလုပ်ရမှန်းမသိလို့... ဆရာကြီး ဦးထွန်းဆီ လှမ်းဖုန်းဆက်လိုက်တယ်.... အဲဒါ ဆရာကြီးက အဲဒီမိန်းမကိုပါ ညနေခေါ်လာဖို့ ဆေးရုံပြောင်းဖို့ လုပ်လိုက်တယ်.... အဲဒါ ခု မင်းဆီ ပြေးလာပြောတာ..."

သူ့ဘဝမှာ အမတန် ရှုတ်ထွေးသော ကိစ္စများ၊ အလုပ်များ အားလုံးကို တည်ငြိမ်စွာ ဖြေရှင်းနိုင်ခဲ့သည်သာဖြစ်သည်...။ ဘယ်လောက်ပင် ခက်ခဲ ခက်ခဲ သူလွယ်ကူစွာပင် မတုန်လှုပ်ပဲ ရင်ဆိုင်နိုင်ခဲ့မြဲဖြစ်သည်...။ ခု ကိစ္စက သူဘယ်လိုမှ မမျှော်လင့်ခဲ့ ခုလိုမျိုးလည်း သူကြုံတွေ့ရလိမ့်မည်ဟု မထင်မှတ်ထားခဲ့...။ ကဲ ခုတော့ ကံကြမ္မာက သူ့ကို အပြုံးတကြီး ခြံခိုတိုက်ခိုက်ပြီဖြစ်သည်...။ ကဲ ဖြစ်မှတော့ကွာ လာစမ်းပါ ဟုတ်သည်လေ သူရင်ဆိုင်ရမည်သာ ဖြစ်သည်ပဲလေ..။

--------------×-------------------×---------------×----------------------

"ကို... ဒီမှာ ထမင်းဘူးနော်.... ညနေစားချင်တာရှိရင် လှမ်းဖုန်းဆက်လိုက်နော်.... ဟန်နီချက်ထားလိုက်မယ်...."

သူ့ကို အချစ်တို့ဖြင့် အရည်လည်နေသော မျက်ဝန်းတို့ဖြင့် ကြည့်ကာပြောလာသော မိန်းကလေးကို သူ စိတ်မသက်သာစွာ ကြည့်ပြီး ခေါင်းပဲ ညိတ်ပြလိုက်မိသည်...။ ထိုစဉ် ဧည့်ခန်း ဆိုဖာပေါ်ထိုင်နေသော မိန်းကလေးတစ်ယောက်မှ သူတို့ကို လှမ်းကြည့်ရင်း....

"ဟင်း... ဟင်း... မလိုပါဘူး ဟန်နီရယ်... ယူ့ယောက်ျားက ညနေအိမ်ပဲ အချိန်တန် ပုံမှန်ပြန်လာပါစေဦး.... မင်း မို့လို့ အပင်ပန်း ခံချင်နေတယ်.... ဟင်း... ဟင်း...."

"တောက်......"

သူ မေးရိုးများ ထောင်ထလာအောင် ထောင်းကနဲ ထွက်လာသော ဒေါသကို အတင်း မျိုချပစ်လိုက်သော်လည်း ပါးစပ်မှ တောက်ခေါက်သံကတော့ ထွက်သွားမိသည်...။

"အိုး.... ဟိုး.... ဒေါသတွေ ထွက်သွားတယ်ပေါ့ ဟုတ်လား... ဟင်း... ဟင်း... ယူရယ်... ဘာလို့ အဲလောက်တောင် ဒေါသတွေ ကြီးနေရတာလဲ.... ဟင်း... ဟင်း..."

သူဘာမှ ပြန်မပြောနေတော့ပဲ ဧည့်ခန်း စားပွဲပေါ်မှ ကားသော့နှင့် ဖုန်းကို လှမ်းယူကာ တံခါးဖွင့်ပြီး တိုက်အောက်သို့ ဆင်းသည့် ဓါတ်လှေကားရှိရာသို့ ထွက်လာခဲ့လိုက်တော့သည်...။ သူ ကားပေါ်ထိုင်ကာ စက်နှိုးရင်း ဖုန်းကို ကျော်မြနံပါတ်သို့ လှမ်းနှိပ်လိုက်သည်...။

"အေး... ယောက်ဖ.... ငါ.... မင်းထွက်လာပြီလား.... ငါ ရုံးခန်းကပဲ စောင့်နေလိုက်မယ်... အေး.... အေး... ပြီးရော..."

သူ ဂီယာထိုးကာ ကားကို ထွက်လာခဲ့လိုက်သည်...။ ယခုဆိုလျှင် ၂လခန့် ရှိသွားပြီ ဖြစ်သည်...။ အားလုံးသော ပြဿနာများကို နှစ်ဖက် အသေလဲ ညှိနှိုင်းပြီး ယခု ပန်းပွင့်သန္တာ ဖြစ်နေသော ဟန်နီနှင့် ဟန်နီဖြစ်နေသော ပန်းပွင့်သန္တာ ၂ယောက်စလုံး သူ့အိမ်ပေါ် ရောက်နေပြီ ဖြစ်သည်...။ အဓိက ကတော့ ပန်းပွင့်သန္တာဆိုသော မိန်းမကြောင့် ဆိုလျှင် ပိုမှန်လိမ့်မည်ဖြစ်သည်...။ နောက်တစ်ကြောင်းကလည်း ဆရာဝန်ကြီးဦးထွန်း၏ မေတ္တာရပ်ခံမှုကြောင့်နှင့် စိတ်ရောဂါ အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးအေးခိုင်တို့ ကြောင့်လည်း ပါသည်ဟု ပြောရမည်ဖြစ်သည်...။ အားလုံး သဘောတူညီချက် ကြောင့်ရော၊ ဟိုမိန်းမကြောင့်ပါ ယခု သူ့အခန်းတွင် ၂ယောက်လုံး ခေါ်ထား

ရခြင်းဖြစ်သည်...။ သူ (.......)plaza ရှိ ကားပါကင်တွင် ကားကိုထိုးပြီး ယခု show room နှင့် ရုံးခန်း တွဲရက်ရှိရာသူ့ ရုံးခန်းသို့ ထွက်လာခဲ့လိုက်သည်...။ Show room က ယခင် mini mart နေရာဖြစ်ရာ ယခု သူဖွင့်မည့် လျှပ်စစ်ပစ္စည်း အရောင်းပြခန်းအတွက် ပြန်ပြီး ပြင်ဆင်နေရာ မပြီးသေး...။ စိတ်တိုင်းကျ လုပ်နေသောကြောင့်လည်း ဖြစ်သည်...။ သူ ယခုလုပ်မည်မှာ မီးဆိုင်းများ၊ နံရံကပ် အလှမီးလုံးများ စသည်တို့ ဖြစ်သဖြင့် အသေချာ ဒီဇိုင်းကို ဆင်ပြထားချင်သော ကြောင့်လည်း ပါသည်...။

"Morning သူငယ်ချင်း...."

သူ ပစ္စည်းစာရင်းများ စစ်နေသောကြောင့် ကျော်မြ ဝင်လာသည်ကို မမြင်မိလိုက်...။

"ဟာ... Morning ယောက်ဖ... sorry ကွာ... ငါ ဒီမှာ show room မှာတင်မဲ့ စာရင်းစစ်နေလိုက်လို့ မင်း ဝင်လာတာ မမြင်လိုက်ဘူး..."

သူ့ရုံးခန်းက show room နှင့် တစ်ဆက်ထဲ ဖြစ်ပြီး တစ်ဘက်မြင်မှန်များသာ ကာထားသောကြောင့် ဧည့်သည်များနှင့် ဝန်ထမ်းများကို မြင်နိုင်လေသည်...။ ဒီလို လုပ်ထားခြင်းဖြင့်လည်း၊ သူ့ရုံးခန်းတွင်း ရှိနေခိုက် ဧည့်သည်များနှင့် ဝန်ထမ်း များကြား အခက်ခဲများကို တိုက်ရိုက်မြင်ပြီး ဖြေရှင်းပေးနိုင်မည် ဖြစ်သည်...။

"မင်း... ဘာစားလာလဲ.... ကျော်ခန့်...."

"အင်း... ငါ ဘာမှတော့ မစားလာဘူး... ရေတော့ တစ်ခွက်သောက်လာတယ်... အိပ်ရာထကတည်းက..."

"ဒါဆို သွားစားရအောင်လေ.... ငါလည်း ဘာမှ မစားရသေးဘူး.... ကော်ဖီလေး သောက်ရင်းပေါ့..."

သူလည်း ဖိုင်ကို စားပွဲအံဆွဲထဲထည့် သော့ခတ်လိုက်ပြီး...

"အင်း... ကောင်းသားပဲ.... ဒီ plaza ဘေးအောက်က ဆိုင်လေး မဆိုးဘူး သွားရအောင်...."

သူတို့ စတီးဖြင့် လုပ်ထားသော ကုလားထိုင်လေးတွေတွင် ဝင်ထိုင်ရင်း စားပွဲထိုးလေးကို လှမ်းခေါ်လိုက်ပြီး...

"ညီလေး ကိုယ့်ကို cappuccino တစ်ခွက် chicken sandwich တစ်ခု မင်းရော..."

"ကိုယ့်ကို Black coffee တစ်ခွက်လောက်..."

"မင်း ဘာမှ မစားတော့ဘူးလား...."

"တော်ပြီ.... ငါ နေ့လည် ရင်ပြည့်နေမှာ စိုးလို့..."

သူ Marlboro light ဘူး အတွင်းမှ စီးကရက်တစ်လိပ် ထုတ်လိုက်ပြီး မီးညှိလိုက်သည်...။ ကျော်မြက သူ့ကို ကြည့်နေ ရင်း....

"သူငယ်ချင်း... မင်း ဆေးလိပ်တွေ သိပ်မသောက်နဲ့ဦးနော်.... ငါ စေတနာနဲ့ ပြောတာပါ...."

သူကျော်မြကို ပြုံးပြလိုက်ရင်း....

"အေးပါ... ငါလည်း သိပ်မသောက်ဖြစ်ပါဘူးကွာ.... ခုတလော မင်းသိတဲ့အတိုင်း ခေါင်းစားနေလို့ပါ...."

ကျော်မြက စားပွဲပေါ် လက်တင်လိုက်ရင်း...

"ခု အခြေနေ ဘယ်လိုလဲ.... သူတို့တွေ..."

သူ စီးကရက်ကို ခပ်ပြင်းပြင်း ရှိုက်လိုက်ပြီး မိးခိုးများ မှုတ်ထုတ်လိုက်ရင်းမှ...

"ဒီတိုင်းပဲလေ... မင်းလဲအသိပဲလေ... တစ်ပတ်တစ်ခါ ဒေါက်တာ ဦးအေးခိုင်ဆီ သွားပြတယ်... စစ်တယ်လေ... ဘာမှ မထူးဘူး...."

သူ လက်ထဲမှ စီးကရက်ကို ပြာခွက်ထဲ ထည့်လိုက်ရင်းမှ...

"ဆရာကတော့ ဒီကိစ္စမျိုးဆိုတာ အချိန်ပေးရတယ်လို့ ပြောထားတာပဲလေ... ငါက ဘာတတ်နိုင်မှာလဲ... ဟင်း...ဟင်း..."

သူ မချိရယ် ရယ်လိုက်မိသည်...။ ကျော်မြက စာနာစွာကြည့်ရင်း...

"အေးလေ... ငါလည်း ရှိတာပဲ.... တစ်ခုခု မင်းလိုအပ်ရင်သာ ငါ့ကိုပြောပါ ဟုတ်လား..."
စားပွဲထိုးလေး မှာထားတာတွေ လာချပေးသည်ကို စောင့်နေလိုက်သည်...။ သူ ကျော်မြကို ကြည့်လိုက်ပြီး...
"စိတ်ချ သူငယ်ချင်း... မင်းကိုမှ မပြောရင် ငါ ဘယ်သူ့ကို ပြောရမလဲကွာ... ငါ ဘယ်သူ့ကို ပြောရမလဲ.... မဟုတ်ဘူးလား...."
သူ မချိတရိပြုံးပြီး ပြောလိုက်မိသည်...။
"အော်... ဒီညနေ ဟို၂ကောင် မင်းနဲ့ တွေ့ချင်လို့တဲ့ မဆုံဖြစ်တာလည်း ကြာပြီဆိုတော့ စိတ်ပြေလက်ပျောက် စကားလေးဘာလေး ပြောရအောင်တဲ့.... အဲ့ဒါ မင်းဘယ်လို သဘောရလဲ..."
"သိပ်ကောင်းတာပေါ့ကွာ.... သိပ်ကို ကောင်းတာပေါ့... ငါ မွန်းကျပ်နေတာ ကြာနေပြီ... ငါတို့ ဆုံကြတာပေါ့ ညနေကို... ဘယ်နှစ်နာရီ လောက်လဲ.... နေရာကရော...."
"၆ နာရီလောက် နေရာက ငါတို့ ထိုင်နေကြ ဆိုင်ပဲပေါ့..."
သူ ကော်ဖီကို တစ်ကျိုက် သောက်လိုက်ရင်း....
"Ok see you evening သယ်ရင်း...."

-------------×-------------------×---------------×---------------------

သူ ကိုယ်အောက်ပိုင်းဆီမှ နွေးသော စိုစွတ်သော အထိတွေ့ကြောင့် မျက်လုံး ဖွင့်ကြည့်လိုက်မိသည်...။ သူ့ပေါင်ကြားတွင် ရောက်နေသည်မှာ ပန်းပွင့်သန္တာ ဖြစ်နေသည်...။သူ့ပုဆိုးမှာ ဘယ်အချိန်က ကျွတ်သွားတာလဲမသိ...။ ဒါမှမဟုတ် သူမပဲ ချွတ်လိုက်သည်လား...။ သူ့လှုပ်ရှားမှုကြောင့်ထင်သည်...။ သူ့မျက်နှာဆီသို့ တိုးလာပြီး နူးညံ့ညင်သာ နွေးထွေးသော နှုတ်ခမ်းဖြင့် သူ့နှုတ်ခမ်းကို ဖွဖွလေး လာနမ်းနေသည်ကို သူ မဟန့်တားမိ...။ သူ ကြည့်နေမိစဉ်...။
"ချစ်တယ် ကိုရယ်.... ဟန်နီ လွမ်းနေပြီ.... ချစ်မယ်နော်... ကို...."
ပြောရင်းမှ သူ့ကိုယ်အောက်ဖက်သို့ နိမ့်ဆင်းသွားသည့် ခေါင်းလေးကို ကိုင်ရင်း သူ ဘာလုပ်ရမလဲ ဂေခွဲမရ ဖြစ်နေစဉ် သူ့ညီလေးကို ငုံကာ ပါးစပ်လေးအတွင်းသို့ သွင်းလိုက်လေသည်...။ ရင်ထဲနွေးကနဲ သူ့တစ်ကိုယ်လုံး အကြောများ တုန်ခါသွားသည်...။ ထို့အတူ အောက်က သူ့ညီတော်မောင်ကလည်း ဆတ်ကနဲ ရှန်းတော့သည်...။ သူ့အတံတစ်လျှောက် ပါးစပ်မှ ငုံကာ စုပ်နေရင်းမှလည်း သူ့ပေါင်များ၊ ဆီးစပ်များ၊ ဥများကို လက်ကလေးဖြင့် ဖွဖွပွတ်သပ်နေသည်မှာ သူပြီးချင်သလို ဖြစ်လာသည်...။
ထိုအချိန် စုပ်နေရင်းမှ ခေါင်းလေးမော့လာပြီး၊ ဆတ်ကနဲ ညဂတ်ဂါဂန်ကို ချွတ်ပစ်လိုက်ရာ မိမွေးတိုင်းဖမွေးတိုင်း အလှများ ပေါ်လာလေသည်...။ အောက်ကို စိုက်ဆင်းသွားသယောင်နှင့် အဖျားတွင် ကော့ကာ တက်သွားသော နို့လေးနှင့် လိုက်ဖက်စွာ ရှပ်ပြီး ဆင်းသွားသော ဗိုက်သားလေးနှင့် အောက်ဖက်မှာတော့ ခပ်ပါးပါး ညီညာစွာ စုစုလေး ပေါက်နေသော အမွှေးလေးများကို သူငေးကြည့်နေမိရင်း အညို့ခံထားရသော သူကဲ့သို့ဖြစ်နေသည်...။ ကြည့်နေစဉ်မှာပင် သူ့ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး အပေါ်မှ ဆောင့်ကြောင့်အနေထား ထိုင်လိုက်ကာ သူ့ရဲ့ တဆတ်ဆတ် တုန်နေသော ညီလေးကို လက်ကလေး တစ်ဖက်ဖြင့် ကိုင်ကာ အရည်ကြည်တို့ဖြင့် ရွှဲနေသော အဖုတ်လေး အဂတွင် ၂ချက် ၃ချက်ခန့် ပွတ်ပြီးမှ အသာလေး တွင်းဂလေးအဂသို့ တေ့ကာ ဆတ်ကနဲ ထိုင်ချလိုက်သည်မှာ

သူ့ညီလေး အရေပြားတွင် တင်းကနဲ ဖြစ်သွားပြီး ထိပ်ဖူး မြုပ်သွားသည်...။ နောက် အံလေးကြိတ်ကာ နှုတ်ခမ်းလေးကို ကိုက်ပြီး ထိုအနေထားအတိုင်း အသွင်းထုတ်လေး လုပ်နေရင်းမှ နောက်ထပ် ဆတ်ကနဲ ဖိချလိုက်တော့သည်...။

*ဗျစ်.... စွိ.... ဖောက်....*

"အ... အာ... အ...."

ရှိလာကိုစတာ စီးသလို ရုတ်တရက် နိမ့်ဆင်းသွားသလို ဖြစ်သွားပြီး ဆီးခုံခြင်း ကပ်မိသွားသည်...။ သူလည်း အတံတစ်ချောင်းလုံး စုပ်ခွက်တစ်ခုဖြင့် အစုပ်ခံလိုက်ရသလို တင်းကျပ်စီးပိုင်နေသော ဂူလေးအတွင်း ဒီအတိုင်း ငြိမ်နေမိသည်...။ တဆတ်ဆတ် တုန်နေသော ကိုယ်လေးကို အသာဖွေ့ထားပြီး ကျောလေးကို အသာပွတ်ပေးရင်းမှ ဘာစကားမှ မပြောမိ...။ ခဏမျှ ဒီပုံစံအတိုင်း ငြိမ်နေပြီး သူ့ရင်ဘတ်ပေါ် လက်ထောက်ကာ ရှေ့နောက် လှုပ်ရှားတော့သည်...။ အတွင်းမှ ထိပ်ဖူးက ဘာကို သွားထိမိနေသည်မသိ ကျင်ကနဲ ကျင်ကနဲ တစ်ချက် တစ်ချက် ဖြစ်သွားသည်...။ တဟင်းဟင်း ဖြစ်လာရင်း မြင်းစီးနေသော အနေထားမှ ဆောင့်ကြောင့်ပြန်ထိုင်လိုက်ရင်း သူ့နှုတ်ခမ်းကို ပြင်းပြင်း တစ်ချက် စုပ်လိုက်ပြီး ကိုယ်ကိုပြန်မတ်ကာ ဖတ်ကနဲ၊ ဖတ်ကနဲ ဆောင့်လေတော့သည်...။ သူလည်း တဆစ်ဆစ် ထောင်တက်လာသော ညီတော်မောင်ကြောင့် ခါးကို ကော့ကာကော့ကာ အောက်မှ အဆင်သင့် ခံပေးနေမိသည်...။

*ဖေါင်း.... ဖေါင်း....*

"အင့်..... အိ....."

*ဖေါင်း.....*

"အင့်.... အင့်...."

*ဖန်း.... ဖန်း.... စွိ.... ပြိ.... စွိ....*

"အ.... အ....."

*ဖန်း..... ဖတ်.....*

စိုရွှဲကာ လိုက်လာသော အရည်များကြောင့် အဖင်အထွက်မှာလည်း ခုနကထက် ပိုမို လွယ်ကူလာလေသည်...။ သူ နို့လေး ၂လုံးကို လက်၂ဖက်ဖြင့် အုပ်ကိုင်လိုက်ပြီး လက်မ လက်ညှိုးတို့ဖြင့် ညှစ်ပေးလိုက်ရာ အသက်ရှူသံများ ပိုမြန်လာပြီး ဆောင့်ချက်များ ပိုသွက်လာတော့သည်...။

"အ.... အား... အာ....."

*ဖန်း.... ဖန်း.... ဖန်း.... စွိ.... ပြွတ်....*

"အ.... အ... အ... ဟင်း...."

ဆောင့်နေရင်းမှ မျက်လုံးကို မှိတ်ကာ ဆတ်ကနဲ သူ့အတံကြီးကို ညှစ်လိုက်ပြီး သူ့ရင်ဘတ်ပေါ် လဲကျလောသော ကိုယ်လုံးလေးကို သူခါးလေးမှ ကိုင်လိုက်ပြီး အောက်မှ ၁၀ ချက်လောက် ဆက်တိုက် ဆောင့်လိုက်ရင်း သူလည်း ပြီးလိုက်တော့သည်...။

*ဒေါက်... ဒေါက်....*

"ကိုရေ.... နိုးပြီလား.... ထတော့လေ.... ကိုရေ...."

သူ့အခန်းတံခါးကို တဒေါက်ဒေါက် ခေါက်လာသော အသံကြားမှ သူ လန့်နိုးသွားသည်...။ ပြာပြာသလဲ သူ ထထိုင်လိုက်ပြီး ဘေးဘီကို ကြည့်မိသည်...။ သူ့ပုဆိုးကို စမ်းကြည့်လိုက်ရာ အနည်းငယ် စိုတိုတို ဖြစ်နေသည်ကို တွေ့ရသောကြောင့် ညတုန်းက အဖြစ်ပျက်မှာ အိပ်မက်ဖြစ်ကြောင်း သိလိုက်ပြီး စိတ်သက်သာရာ ရသွားသည်...။ သူ ဒီရက်တွေအတွင်း စိတ်ရှုတ် အလုပ်ပင်ပန်း စသည်များကြောင့် မနေ့က ဟိုကောင်တွေနှင့် အရက်သွားသောက်ပြီး အပြန် ယခုလို wetdream တွေ မက်တာဖြစ်လိမ့်မည်...။

ပုဆိုးကို ဖြန့်ကာပြင်ဝတ်လိုက်ပြီး သူတံခါးကိုဖွင့်ကာ အနောက်သို့ ထွက်လာခဲ့သည်...။ စောစောက အိပ်မက်ကြောင့် အနည်းငယ် မာစပြုနေသော ညီတော်မောင်က ယခု ပိုပြီး ထလာလေသည်...။ မြင်ကွင်းကိုလည်း ကြည့်လိုက်ဦးလေ ဟိုမိန်းမ အင်းလေ ဟန်နီပေါ့ အခု၊ စူပါရှော့ဟု ခေါ်သော ချည်သားဘောင်းဘီတိုလေးနှင့် မီးဖိုဘေစင်မှာ တစ်ဘက်သို့လှည့်ပြီး ဘာလုပ်နေသည်မသိ...။ ခါးကျဉ်ကျဉ်လေးအောက်မှာ တင်သားများက တင်းရင်းကာ ကြားထဲ အမြောင်းလိုက် လုံးကြွနေသည်မှာ သူ သက်ပြင်းချလိုက်ပြီး ရေချိုးခန်းထဲ ဝင်လိုက်တော့သည်...။ သူ ရေချိုးခန်းမှ အထွက် တံခါးရှေ့တွင် တဘက်ကိုင်ကာ စောင့်နေသော သူမကြောင့် တွန့်ကနဲ ဖြစ်သွားမိသည်...။ သူ့ကို ပြုံးကြည့်ရင်း တဘက်ကို ကမ်းပေးလာရာ သူ အသာ လှမ်းယူလိုက်ပြီး...

"ဟို တစ်ယောက်ရော...."

"ပန်းပွင့်လား.... သူ အပြင်ခဏသွားတယ်.... ကိုရဲ့...."

"အော်... အင်း...."

သူလည်း တဘက်ကို ကိုယ်မှာပတ်ရင်း အိပ်ခန်းတွင်း ဝင်လိုက်သည်...။ ထိုစဉ် သူ့နောက်မှ ကပ်ပါလာသော သူမကြောင့် အံ့သြသွားပြီး...

"ဘာ... ဘာလုပ်မလို့လဲ.... မင်း... အပြင်က စောင့်နေလေ.... ပြောစရာရှိရင်..."

သူ ပြောလိုက်ရာ မျက်နှာလေး ညိုးသွားပြီး...

"ကိုကလဲ... ဟန်နီက တစိမ်းလား.... ကို့ကို အဝတ်စားတွေ ထုတ်ပေးမလို့လေ...."

"အာ... ရတယ်... ရတယ်... အပြင်ကသာ စောင့်နော်... ကိုယ့်ဘာသာကိုယ် ထုတ်လိုက်မယ်နော်.... ဟုတ်လား...."

သူ ပြောလည်းပြော သူမကို အခန်းအပြင်သို့ တွန်းလွှတ်ရင်း တံခါးကို ပိတ်လိုက်သည်...။ ဒီနေ့ သူ နားသည်မို့ အိမ်နေရင်း ပေါ့ပေါ့ပါးပါး တီရှပ်တစ်ထည်နှင့် ချည်ပုဆိုး တစ်ထည်ဝတ်ကာ ဧည့်ခန်းသို့ ထွက်လာခဲ့လိုက်သည်...။ သူ ဆိုဖာတွင် ထိုင်ပြီး ဂျာနယ်တစ်စောင် ကောက်ကိုင်လိုက်စဉ် သူ့ဘေးသို့ ဖွေကနဲ ဝင်ထိုင်လိုက်သော သူမကြောင့် တွန့်ကနဲ ဖြစ်သွားသည်...။ သူ့ကိုကြည့်ပြီး...

"ကိုက.... ဒီနေ့ အရမ်းသန့်နေပါလား...."

သူ ဘာမှ ပြန်မပြောမိ...။ ဂျာနယ်ကိုသာ စိတ်ဝင်စားချင်ယောင် ဆောင်နေလိုက်သည်...။ ဟုတ်သည်လေ ဘေးနားမှာ လာကပ်ပြီး ပွတ်သီးပွတ်သပ် လာထိုင်နေသည်က အမတန်လှပပြီး သူတစ်ချိန်က အရူးမူးဖြစ်ခဲ့ရသော သူ့ဇနီးဟောင်း၊ နောက် ကြည့်ရတာ စောစောစီးစီးထပြီး ရေမိုးချိုး အလှပြင်ထားသည့် ထင်သည်...။ အေးမြမြ အမွှေးရနံ့ကလည်း သူ့နှာခေါင်းဝတွင် တိုးဝှေ့ကျီစယ်နေသည်...။ နောက် ဘောင်းဘီအတိုအောက်မှ စိမ်းမြနေသော ပေါင်တွင်းသား သွေးကြောလေးများ ပေါ်နေသော ပေါင်တံတစ်စုံနှင့်...။ ဟန်နီဟု ဘယ်လိုပဲ ပြောပြော၊ တစ်ကယ်ပဲ ဖြစ်ဖြစ် ဟန်နီ ဖြစ်သည်ထားဦး လောလောဆယ် ခန္ဓာကိုယ်က ဟိုမိန်းမကိုယ်နှင့်၊ သူ စည်းမဖောက်ချင်ပါ...။ သူ ဟန်နီ့ကို သစ္စာရှိချင်ပါသည်...။ ဒါကြောင့်လည်း သူကြိုးစား စောင့်ထိန်းနေခြင်း ဖြစ်သည်...။ အံ့သြစရာကောင်းသည်က ဟိုမိန်းမရော၊ ဟန်နီပါ သူ့ရဲ့ အလစ်အငိုက် မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်ခြင်းကြောင့်လည်း သူဒီအဖြစ်ပျက်ကို လက်ခံရမလို ဖြစ်နေသည်...။

"ကို... ကိုလို့.... ဘာတွေ စဉ်းစားနေတာလဲ.... ဟန်နီ့ကို စကားလေး ဘာလေး မပြောတော့ဘူးလားလို့...."

သူ့လက်မောင်းကို လက်လေးဖြင့် စုံပွေ့ဖက်ကာ မေးလာသော သူမကြောင့် သူရင်တွေ တဒိန်းဒိန်း ခုန်လာရသည်...။

"ပြော... ပြောလေ.... ဘာပြောမလို့လဲ..."

သူ ခြောက်ကပ်စွာ မေးလိုက်သည်...။

"အင်.... ကိုကလည်း... အရမ်းတစိမ်းဆန်တာပဲ.... ဟင့် ဟန်နီကို ဂရုလည်းမစိုက်ဘူး... ပစ်ထားတယ်... ဟင့်...."
သူ စိတ်ညစ်သွားသည်...။ သက်ပြင်းတစ်ချက် ချရင်းမှ သူမဘက် လှည့်လိုက်ပြီး...
"ကဲ.... တိတ်... တိတ်... နော်.... မငိုနဲ့.... ကို ဘာလုပ်ပေးရမလဲပြော...."
"အင့်.... ဟင့်... ဟင့်... ဟန်နီ့ကို ဖက်ထားပေး ဒါဆို.... ဟင့်...."

သူ ဆတ်ကနဲ ဖြစ်သွားမိသည်...။ မိန်းကလေးများသည် အမတန် နူးညံ့သော ပန်းပွင့်လေးများ၊ ဒါမှမဟုတ် ကြောင်ကလေးများနှင့် တူသည်ဟု သူစာတွေထဲမှာ ဖတ်ဖူးပါသည်...။ သူတို့ချစ်သော သူများ၏ ယုယကြင်နာမှုကိုလည်း လိုလားတောင့်တတတ်မှန်းလည်း သူ သိပါသည်...။ ဒါပေမဲ့ သူ အမတန် ဂန်လေးနေမိသည်...။ ပိုဆိုးသည်မှာ ညကမက်ထားသော အိပ်မက်ကြောင့်လည်း သူ ပိုဂန်လေးမိနေခြင်း ဖြစ်သည်...။ သူက ပုထုဇဉ်မဟုတ်လား...။ ပြီးတော့ ဒီမိန်းကလေးကလည်း ဘာမှအပြစ်ပြောစရာ မရှိသော ကိုယ်လုံးကိုယ်ပေါက်ပိုင်ရှင်...။ သူ သနားသွားမိသည်...။ သူအသာလေး ပခုံးလေးပေါ် လက်ဖြင့်ပွေ့ထားလိုက်သည်...။ သူ့ကိုယ်လုံးကို လက်နှစ်ဖက်ဖြင့် တင်းတင်းပြန်ဖက်လာပြီး သူ့လည်ပင်းကို နွေးထွေးနူးညံ့သော နှုတ်ခမ်းလေးများဖြင့် ထိလာသည်...။ သူ ရင်တွေ အဆမတန် အခုန်မြန်လာနေသည်...။ နောက် လက်သည်းလေးများဖြင့် သူ့ရင်ဘတ်ကို ဖွဖွလေး ကုတ်ခြစ်နေပြီး ကိုယ်လုံးလေးက လူးလွန့်နေရာ တဖြေးဖြေး တစ်ကိုယ်လုံး သူ့ရင်ဘတ်တွင်း ရောက်နေပြီဖြစ်သည်...။ သူ ဘာလုပ်ရမှန်းမသိ ဒီအတိုင်း ခဏငြိမ်နေမိသည်...။ ထို့နောက် ဖြတ်ကနဲ ဟန်နီ့မျက်နှာလေးကို မြင်ယောင်လိုက်မိပြီး သူ့ရင်ခွင်ထဲ ရောက်နေသော ကိုယ်လုံးလေးကို အသာတွန်းဖယ်လိုက်ပြီး သူ အိပ်ခန်းထဲ ဝင်လာခဲ့လိုက်သည်...။
"အို.... ဟင့်... ဟင့်.... အင့်.... ဟင့်...."
နောက်ကျောမှ အင့်ကနဲ ရှိုက်ငိုသံ ကြားလိုက်ရသော်လည်း သူမတတ်နိုင်ပါ...။ ကြာလျှင် လက်တွေအိပ်မက်ထဲ ရောက်သွားနိုင်သည်လေ...။

-------------×------------------×---------------×---------------------

ချစ်သူကသာ ခွင့်ပြုမည်ဆိုလျှင်
ကျမတေးသွားကို
ရပ်ထားလိုက်ပါမည်...။
ချစ်သူ နှလုံးအိမ်ကို ရုန်းကစေမည်ဆိုလျှင်
ကျမမျက်လုံးများကို
သူ့မျက်နှာမှ အဝေးသို့ ဖယ်ခွာပေးပါမည်...။
ကျမရှိနေသည့် အတွက်ကြောင့်
ချစ်သူသည် သွားလမ်းမှာ ပင်ပမ်းရသည်ဆိုလျှင်
ဘေးဘီကို ရောက်သည်အထိ
အခြားလမ်းမှ ကျမ လျှောက်ပါမည်...။
ချစ်သူ ပန်းကုံးသီရန်
အနှောင့်အယှက် ဖြစ်ရသည်ဆိုလျှင်
သူ့ ပန်းတောမှ ဝေးရာသို့
ကျမ ယို့ယိမ်းထွက်ခွာပေးပါမည်...။
ချစ်သူ ရေပြင်အလျင်ကို
လှိုင်းတို့ဖြင့် တိမ်းမှောက် ပျို့အန်စေသည်ဆိုလျှင်
သူ့ ကမ်းခြေမှ
ကျမ လှော်တက်ကို လွှတ်ချလိုက်ပါမည်...။
(ငါ့ရင်ခွင်ကြားက နှင်းဆီဓားသွားတစ်လက်...။ တာရာမင်းဝေ)

ဒီနေ့ အလုပ်လုပ်ရတာ သိပ်စိတ်မပါ...။ တစ်ခုခုကို ရင်ထဲမှာ လစ်ဟာနေသလို၊ တစ်ခုခုကို လိုအပ်နေသလို စိတ်ထဲမှာ ဖြစ်နေသည်...။ မနက်က သူ့အိမ်မှ ထွက်လာတော့လည်း ဟိုမိန်းမ ဟန်နီ မျက်နှာသိပ်မကောင်း၊ သူ့ကို ပုံမှန်အတိုင်း ထမင်းဘူး ထည့်ပေးဘာပေးနှင့် အရင်ကလို သိပ်ပြုံးပြုံးရွှင်ရွှင် မတွေ့ရ...။ သူ ထွက်လာခါနီး သူ့ကို နက်ကတိုင်စောင်းနေသည်ဟု ပြောပြီး ပြင်ပေးသေးသည်...။ မျက်နှာကတော့ ညှိုးနေသည်...။ သူ ဘာဖြစ်လို့လဲ မေးတော့ သူ့ကို သေချာစူးစိုက်ကြည့်ပြီး တစ်စုံတစ်ခု ပျောက်ဆုံးသွားသလိုမျိုး အကြည့်ဖြင့် စက္ကန့် အနည်းငယ် သေချာ စိုက်ကြည့်နေခဲ့သည်...။ မဟုတ်သေးပါဘူး...။ တစ်ခုခု လွဲမှားနေသလိုပဲ...။ သူ ရင်ထဲထင့်နေသည်...။ ဘာလဲတော့ မသိ...။ သူ ဒီညနေ စောစောအိမ်ပြန်လိုက်မည်ဟု တွေးလိုက်သည်...။ ဘာလိုလိုနဲ့ ဟိုမိန်းမပါ အိမ်မှာ ရောက်နေသည်မှာ ဒီနေ့ဆို ၃ လပြည့်ပြီ ဖြစ်သည်...။ သူ တိုက်ခန်းတံခါးကို တွန်းဖွင့်ရင်း ဝင်လိုက်သည်...။ ဧည့်ခန်းတွင် ဟန်နီ ဟိုမိန်းမပေါ့...။ နောက် ကျော်မြ၊ ကြီးမေ ထိုင်နေကြသည်ကို တွေ့လိုက်ရသည်...။ သူအံ့သြစွာဖြင့် လျှောက်သွားလိုက်ရင်း..
"ဟာ... ကြီးမေရောက်နေပါလား.... ဟေ့ကောင်... မင်းက ဘယ်ချိန်က ရောက်နေတာလဲ.... ကြီးမေကရော...."
ကျော်မြက သူ့ကို လှမ်းကြည့်လိုက်ပြီး....
"သူယ်ချင်း ကျော်ခန့်.... ငါတို့ မင်းကိုပြောစရာရှိတယ်... အရေးကြီးတယ် ပြောလို့ရသလို.... အရေးမကြီးဘူး ပြောလည်း ရတယ်...."

သူ ဟန်နီ့ဘက် တစ်ချက်လှည့်ကြည့်ရင်း...
"ဟို တစ်ယောက်ရော...."
ဟု မေးလိုက်သည်...။ ကျော်မြကြ သူ့ကို လက်ကာပြရင်း...
"အဲဒီအကြောင်းပဲ.... ငါတို့ပြောမလို့ သူငယ်ချင်း.... ဟန်နီ အရင်ဆုံး ရှင်းပြလိမ့်မယ်... မင်းနားထောင်လိုက်ပါ.... ပြီးတော့ မင်းသိလာလိမ့်မယ်.... ဟုတ်လား...."
သူ နားမလည်စွာဖြင့် လှည့်ကြည့်မိသည်...။ ဟန်နီက သူ့ကို ပြုံးပြလိုက်ရင်းမှ...
"ဒီလို... ကိုရဲ..... လွန်ခဲ့တဲ့ ၄လကျော်လောက်ကပေါ့... ဟန်နီ အလုပ်မှာ ရှိနေတုန်း နေ့လည်ဘက်ပေါ့...."

-------------×------------------×---------------×---------------------

"ဟန်နီ... ဟန်နီ... နင့်ဧည့်သည်တဲ့ အပြင်မှာ ရောက်နေတယ်..."
ဟန်နီစံ သူ့ကို လာပြောသော သူငယ်ချင်းမကို မော့ကြည့်လိုက်ပြီး...
"ဟင်.... ဘယ်သူလဲ မာယာ.... ဘယ်ကလဲ...."
"မသိဘူးဟ... မိန်းကလေးတစ်ယောက်ပဲ.... တို့လောက်ပဲ... ဒီဖိုင်းကတော့ မိုက်တယ်..."
"အေး.. အေး... ငါ ခုတွေ့လိုက်မယ်.... ကျေးဇူးပဲနော် သူငယ်ချင်း..."
ဧည့်သည်များလာရင် တွေ့သော အခန်းတွင်းတွင် စတိုင်ဘောင်းဘီပျော့ပျော့ အနက်ရောင်အရှည်နှင့် အပေါ်မှ ခပ်ပွပွ ဘလောက်စ် အဖြူရောင်ကို ကုတ်အနက်နှင့်တွဲကာ ဂုတ်ထားသော မိန်းမခြင်းပင် ငေးလောက်သော မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်...။
"ကျမ ဟန်နီစံပါ.... ဘယ်သူလဲ မသိဘူးနော်...."
ဆတ်ကနဲ လှည့်ကြည့်လာသော မျက်လုံးများကို ဟန်နီပင် ငေးကနဲ ဖြစ်သွားမိသည်...။ ထူးဆန်းစွာပင် ဒီမိန်းမကို ရင်ထဲမှ သူမ ခင်မင်မိသွားသည်...။
"ဟန်နီစံနော်... ဟုတ်လား... တို့က ပန်းပွင့်ပါ.... နာမည်အပြည့်စုံက ပန်းပွင့်သန္တာလို့ ခေါ်တယ်...."
ဟန်နီ ခေါင်းထဲ ချက်ချင်း မှတ်မိလိုက်သည်...။ ကို တစ်ခါ ပြောဘူးသည့် ဒီနာမည်ကို သူ တစ်ခါပြောရုံထဲနှင့် သူမ မှတ်မိနေသည်...။
"ဟုတ်ကဲ့... ပြောပါ... မပန်းပွင့် ကျမ ဘာကူညီရမလဲ...."
မျက်ခုံးကို တွန့်ကာ သူမကို ကြည့်လိုက်သည့် အကြည့်မှာ အနည်းငယ် အံ့ဩသွားဟန်ပါသည်ကို မိန်းမခြင်းမို့ သတိထားမိ လိုက်သည်...။
"မင်းက... တို့ကို သိလို့လား....."
"ဟုတ်ကဲ့ ကျမကြားဖူးပါတယ်..... ကိုက ပြောဖူးပါတယ်..."
"ဟုတ်လား.... အိုး... ဟိုး.... စိတ်ဝင်စားဖို့ ကောင်းသွားပြီ...."
နှုတ်ခမ်းကို ခပ်ဟဟ လုပ်ပြီး ပြောလိုက်သည်မှာ ရုပ်ရှင်ထဲမှ မင်းသမီးတွေတောင် ငေးသွားနိုင်သည်...။
"တို့... မင်းနဲ့ စကားအေးဆေး ပြောချင်လို့.... တနေရာကို ခဏလောက် လိုက်လို့ရနိုင်မလား...."
"ကျမ ခု အလုပ်ထဲမှာ ဖြစ်နေတယ်မပန်းပွင့်.... ညနေဆို ဖြစ်ပါတယ်..."
"ok.. ဒါဆို ညနေ မင်းရုံးဆင်းတဲ့ အချိန်လောက် စိမ်းလန်းစိုပြေကို လာခဲ့နိုင်မလား.... တို့စောင့်နေမယ်... ဘယ်လိုလဲ..."

"အင်း.... ဖြစ်ပါတယ် ကျမလည်း စိတ်ဝင်စားပါတယ်..."

တစ်ကယ်လည်း သူမ စိတ်ဝင်စားပါသည်....။ ဒီမိန်းမ ဘာကြောင့် သူ့ဆီလာတာလဲ သူမလည်း သေချာသိချင်ပါသည်..။ ဒါကြောင့်လည်း တွေ့ဖို့ တထိုင်ထဲ ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်...။ သူလည်း တစ်ကယ် စိတ်ဝင်စားသွားသည်...။ ဟန်နီ စိတ်ဝင်စားသွားထက်ကို ပိုတောင်ပိုနိုင်လိမ့်မည်...။

"အင်း... ဆက်ပြောပါဦး.... ဟန်နီ ဘာတဲ့လဲ... ကို အရမ်းစိတ်ဝင်စားသွားပြီ...."

"အင်းပါ.... ကိုရဲ့.... ပြောမှာပေ့ါ...."

စိမ်းလန်းစိုပြေထဲ ဝင်လိုက်သည်နှင့် သိပ်ကြာကြာ မရှာလိုက်ရပါ...။ ကန်စပ်ဘေး စားသောက်ဆိုင် စားပွဲဝိုင်းတွင် ထိုင်နေသည့် ပန်းပွင့်သန္တာကို သူမ အလွယ်တကူပဲ တွေ့လိုက်ရသည်...။ ခုံကို ဆွဲကာ ထိုင်လိုက်သည်နှင့် ရေပြင်ဘက် ငေးနေရာမှ လှည့်ကြည့်လာပြီး...

"တစ်ခုခု သောက်ပါဦးလား.... တို့ စောင့်နိုင်ပါတယ်..."

"ရွှတ်.... ချာတိတ်... တို့ကို သံပုရာတစ်ခွက်လောက်...."

မှာပြီး....

"ဟုတ်ကဲ့... ပြောပါဦး.... မပန်းပွင့်... ဘာများလဲလို့..."

ရှေ့တွင်ချထားသော အအေးခွက်ထဲမှ ပိုက်ကို မွှေနေရင်းမှ...

"သိပ်ရှည်ရှည်ဝေးဝေး ပြောမနေတော့ပါဘူး... ဟန်နီ... မင်းနဲ့ တို့နဲ့ အလောင်းစား တစ်ခုလောက် လုပ်မလားလို့ပါ.... မင်း သဘောတူမှုပါ...."

"ရှင်... အလောင်းစား.... ဟုတ်လား... ဘယ်လိုမျိုးလဲ... ဘာအတွက် လုပ်ရမှာလဲ...."

တစ်ကယ်ကို ဟန်နီစံ အံ့သြသွားသည်...။ တဆက်ထဲ ကို ပြောတာ မမှားဘူး၊ တော်တော်ထူးဆန်းတဲ့ မိန်းမပဲ ဟု တွေးလိုက်မိသည်...။

"အင်း... ဟုတ်တယ်.... မင်းနဲ့ တို့နဲ့ အလောင်းစားတစ်ခုလုပ်မယ်... မင်းနိုင်ရင် တို့ မင်းကို တန်ရာတန်ဘိုး ပေးမယ်.... မင်းရှုံးရင်တော့.... မင်း မောင်နဲ့ လုံးဝမပက်သက်ရတော့ဘူး... မင်းကျေနပ်မှာပါ... မင်းရှုံးသွားခဲ့ရင်တောင် မနစ်နာအောင် တို့ စီစဉ်ပေးမှာပါ... ဘယ်လိုလဲ..."

"ရှင်...."

ဟန်နီစံ အံ့သြမှုတို့ မဆုံးနိုင်တော့...။ ဒါပေမဲ့ သူမ စိတ်ဝင်စားသည်...။

"ဟုတ်ကဲ့... ပြောပါဦး မပန်းပွင့်.... ဘယ်လိုမျိုးလဲ အလောင်းအစားက ကျမစိတ်ဝင်စားပါတယ်.... ဒါပေမဲ့ ချက်ချင်းတော့ အဖြေမပေးနိုင်ဘူးနော်...."

"ဟင်း... ဟင်း... ရပါတယ် မင်းစဉ်းစားလေ.... ပြီးမှ တို့ကို အဖြေပြန်ပေးပေ့ါ... ဟုတ်လား... ဟင်း... ဟင်း..."

သူ သဘောပေါက်လိုက်လေပြီ...။ နားလည် လိုက်သလိုလည်း ရှိသွားပြီ...။

"အော်... လက်စသတ်တော့ မင်းတို့ ဒီလိုဖြစ်တာတွေ... ဘာတွေက အလကား ဟန်ဆောင်တာပေ့ါ... ဟုတ်လား.... ငါကတော့.... စိုးရိမ်စိတ်ပူလိုက်ရတာ.... မင်းတို့က ငါ့ကို အရူးဝိုင်းလုပ်ကြတာပေ့ါလေ..."

သူ ဒေါသထွက်သွားမိသည်...။ သူ့မှာတော့ မအိပ်နိုင်မစားနိုင်ဖြင့် ဟင် သူတို့တွေရဲ့ လှည့်စားမှုတွေ အောက်မှာ ကိုယ်က ငပေါကြီး တစ်ကောင်ပေ့ါ...။ ဟန်နီက ပျာပျာသလဲဖြင့်...

"မဟုတ်ပါဘူး ကိုရယ်... အဲလိုမဟုတ်ပါဘူး.... ဟန်နီခုလို သဘောတူလိုက်တာ ကို့အတွက်ကြောင့်ပါ...."

သူ အံ့သြသွားမိသည်...။

"ဘာ..... ကို့အတွက်.... ဟုတ်လား... ဘာတွေလဲ... ဟန်နီ.... မင်း ရှင်းရှင်းပြောရင် ကောင်းမယ်..."

ဟန်နီက စားပွဲပေါ်တင်ထားသော စာအိတ်အညိုရောင် ခပ်ကြီးကြီးတစ်ခုကို ဆွဲယူပြီး အထဲမှ စာချုပ်တစ်စောင်နှင့် ဘူးတစ်ဘူးကို ထုတ်ပြလိုက်ရာ သူ အရမ်းအံ့ဩသွားတော့သည်...။

"ဟင်... ဒါ.... ဒါ..."

သူ မြင်တာနှင့် မှတ်မိပါသည်...။ မာမီ မျက်ရည်ကျပြီး ပေးလိုက်သော ပစ္စည်းပဲလေ...။ တစ်ချိန်လုံး ငြိမ်နားထောင်နေသော ကျော်မြမှ....

"ဟုတ်တယ် သူငယ်ချင်း.... အဲဒါ မင်းတို့ ဘိုးဘွားပိုင် ဘယက်ကြီးနဲ့ မင်းလျော်ကြေးအဖြစ် ပေးလိုက်ရတဲ့ တိုက် စာချုပ်ပဲလေ..."

"ဟန်နီ... ကို့ကို ချစ်လွန်းလို့ ဟန်နီ နလုံးသားနဲ့ ရင်းပြီး စွန့်စားလိုက်တာပါ ကိုရယ်.... ဟန်နီ့ကို မဆူပါနဲ့နော်..."

သူ ဘာပြောရမှန်းတောင် မသိတော့...။ သူ့အရာရာကို သဘောပေါက် နားလည်သွားပြီ ဖြစ်လေသည်...။ မာမီကတော့ သူ့ချွေးမလေးကို လက်ဝါးပေါ်တင်ပြီး ဖူးဖူးမှုတ်ထားမလားပဲ၊ မာမီက သူ့အမေရဲ့ အမေပစ္စည်းမို့ ယနေ့ထိ နမျှောနေတာ သူ့အသိပဲလေ...။

"နေပါဦး... ဟိုမိန်းမရော.... ဒါဆို...."

"သွားပြီလေ... သူ့အလောင်းစားမှာ ရှုံးသွားပြီတဲ့နောက်... သတ်မှတ်တဲ့အတိုင်း ဒီနေ့က ၃ လပြည့်သွားပြီလေ..."

သူ ဟန်နီ့ကို စိုက်ကြည့်လိုက်ရင်း...

"မင်း တော်တော်ဆိုးပါလား... ဟင်.... ကို့ကို စိတ်ပူအောင်.... လာခဲ့....."

"ဟဲ့... ဟဲ့... နေပါဦးတော်.... ကျုပ်တို့ ပြန်ပါရစေဦး... နော်.... တော်တို့ကလဲ...."

ကြီးမေ အသံကြားမှ သူ သတိရသွားသည်...။

"ဟာ... ကန်တော့ကြီးမေ... နော်... ကန်တော့.... ကျနော်... မေ့သွားလို့...."

ကျော်မြနှင့် ကြီးမေတို့ ထွက်သွားသည်နှင့် သူ လှည့်ကြည့်လိုက်ရာ ဟန်နီမရှိတော့ ဘယ်ရမလဲ ခုမှ ဒီတိုက်ခန်းလေးပေါ်မှာ လာပုန်းနေလို့...။ သူ အိပ်ခန်းတွင်း ဝင်လိုက်ပြီး ဘီရိုတံခါးကို ဖွင့်လိုက်သည်နှင့် မျက်လုံးမှိတ်ကာ မချိမချဉ် လုပ်နေသော ဇနီးလေးကို ပွေ့လိုက်ပြီး ကုတင်ပေါ် တင်လိုက်ရင်း ကိုယ်ဖြင့်ဖိထားလိုက်သည်...။ နောက်တော့ တခစ်ခစ် ရီသံ၊ ထို့နောက် အသားခြင်း တဖတ်ဖတ် ရိုက်ခတ်သံများ၊ သက်ပြင်းချသံများ၊ ကျေနပ်စွာ ညည်းညူနေသံများဖြင့်...။

-------------×-------------------×---------------×---------------------

"Attention all passenger please! Wear your seat belt and switch off your mobile phone and any wireless device, in few minutes our flight will ready to depart from the Yangon and wishes enjoy your flight thank you. This is your pilot Michael and co.pilot is Richard hasbidi"

လေယာဉ်မှူး၏ ကြေငြာသံကို နားထောင်ရင်းမှ ပြတင်းပေါက်မှ မှန်ကို လာမှန်နေသော မိုးရေစက်များကို ငေးကြည့်နေရင်း ပန်းပွင့်သန္တာ မိုးရေတို့နှင့်အပြိုင် မျက်ဝန်းမှ ကျလာသော မျက်ရည်တို့ကို မတားဆီးမိတော့...။ တားလည်း မတားဆီးချင်တော့ပါ...။ ကျပါစေတော့လေ...။ တစ်ခုပဲ တစ်ခုလေးပဲ သူမ မောင့်ကို သိစေချင်ပါသည်...။ စပြီး ချစ်မိသွားကတည်းက မောင့်ကို မျက်လုံးအောက်မှ အပျောက်မခံ နိုင်လောက်အောင် ချစ်ခဲ့မိပါသည်...။

မိခင်ကြက်သားအုပ်မကြီးက သူ့ကလေးတွေကို ဂရုစိုက်သလိုမျိုး မဟုတ်ခဲ့လျှင်ဟု ဆိုခဲ့ရင်တောင် အဲဒီထက်တော့ သူမ မလျော့နည်းခဲ့ပါ...။ အဲဒီချစ်ခြင်းတွေက မောင့်အတွက် ပူလောင်လှသည့် အတ္တတွေဟု မြင်လာတာကို သူမ တော်တော်လေး နောက်ကျပြီးမှ သိခဲ့ရပါသည်...။ မောင့်ဆီက လျှော်ကြေးကို သူမ မလိုချင်ခဲ့ပါ...။ မောင်နှင့် နေခဲ့ဖူးသည့် အမှတ်တရအဖြစ်သာ သိမ်းထားမိလိုသည့် အတွက်သာ၊ အရာရာအားလုံး သူ့အတွက် လမ်းဘေးမှ မောင်တစ်ခါကောက်ပေးခဲ့ဖူးသည့် ကျောက်စရစ်ခဲ ဖြူဖြူလေး တစ်လုံးလောက်တောင် တန်ဖိုးမရှိခဲ့ပါ...။

မခံချင်စိတ်၊ အရှုံးမပေးလိုချင်စိတ်များဖြင့် တုန့်ပြန်ခဲ့ခြင်းသာ ဖြစ်ပါသည်...။ မေမေတို့၊ တီတီတို့ ဘွားဘွားတို့ ပြောသလို မောင် မဟုတ်မှန်း စပြီး ညားကထဲက သက်သေပြချင်မိသည့် သူ့တဇွတ်ထိုး နားမလည်မှု အမှားတွေကြောင့် မောင် နာကျင်သွားခဲ့ရမှန်း သိလိုက်ချိန်မှာ အရမ်းနောက်ကျသွားခဲ့ပြီ ဖြစ်သည်...။ မောင်က မာနကြီးစွာဖြင့် သူမကို လက်ထပ်ပြီး ကွဲကွာသွားသည့် အချိန်ထိ အပျိုစင်ဘဝဖြင့် ထားခဲ့ချိန်တွင်တော့ နောက်ကျစွာဖြင့် လင်ယောကျ်ားရဲ့ ယုယကြင်နာမှုများကို အရူးမူး လိုချင်မိခဲ့သည်...။ ဒါကြောင့်လည်း ဒုတိယအကြိမ်အဖြစ် ရှုးမိုက်စွာ မျှော်လင့်ပြီး၊ သူမ ဟန်နီစံဆိုသော သူမထက် ၂နှစ်ခန့် ငယ်မည့် မိန်းမကလေး တစ်ယောက်နှင့် အလောင်းစားလုပ်ခဲ့ခြင်း ဖြစ်လေသည်...။ ဒါပေမဲ့ သူမပိုပြီး အံ့ဩမှင်တက် မိရလောက်အောင် မောင်က ဟန်နီစံဆိုသော မိန်းကလေး အပေါ်တွင် သစ္စာစောင့်ထိန်းနိုင်ခဲ့သည်...။ ရှိပါစေတော့လေ...။

**(မောင်ရေ... ကျမတို့ မိန်းမသားတွေက မြစ်တွေလို ကွေ့ကောက်တယ်လို့ မောင်တို့ယောကျ်ားတွေ အမြဲပြောတတ်ကြတယ် မဟုတ်လား...။ ကျမတို့ မိန်းမတွေက ပင်လယ်လိုလည်း မာယာများတတ်သတဲ့လား...။ မောင်ရယ်... မောင်မသိလို့ပါ...။ ကျမတို့ မိန်းမသားတွေက မြစ်တွေဆိုရင် ကွေ့ကောက်ရတဲ့ အကြောင်းရင်းက ကမ်းပါးနဲ့တူတဲ့ မောင်တို့ ယောကျ်ားတွေကြောင့်ပါ...။ ကမ်းပါးတွေရဲ့ ပုံသွင်းမှု အောက်မှာပဲ ပုံစံပြောင်းကြရတာ မဟုတ်လား...။ ကျမတို့က မာယာများတဲ့ ပင်လယ်ဆိုရင်လေ... ကျမတို့ရဲ့ အနားသတ်ကမ်းစပ်က မောင်တို့ ယောကျ်ားတွေပါပဲ...။ နောက်ဆုံး ကျမတို့ ပင်လယ်တွေ အားလုံး ကမ်းစပ်မှာ ကျရှုံးရတော့တာပါပဲ မောင်ရယ်....။)**

ဘာပဲဖြစ်ဖြစ်လေ ကျမမောင့်ကို ဒီဘဝ တစ်သက်စာ ဟိုး အဝေးကြီးကနေပြီး လွမ်းနေမှာပါ... လွမ်းနေ... သွားမှာပါ...။

